မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒီမိုကရေစီအခွင့်အရေးသည် တာဝန်နှင့်ယှဉ်တွဲလျက်ရှိသည်ဆိုသည်ကို နိုင်ငံတကာကလက်ခံထား

ဒီမိုကရေစီလိုလားသူတိုင်း နိုင်ငံတော်၏တရားဥပဒေ စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်တာဝန်ရှိ

နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဘောင်အတွင်းက မိမိတို့၏ လူမှုအခွင့်အရေးများကို ခံစားရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် နိုင်ငံသူ နိုင်ငံသားတိုင်း၏ အခွင့်အရေးဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်

နေပြည်တော် ဇွန် ၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သော ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ရေးတွင် မိမိနိုင်ငံသူနိုင်ငံသားများ၏ အသိဖြင့်ယှဉ်သော၊ ပညာဖြင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှု လိုအပ်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၆ ရက်)

နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသည့် ငါး၊ ပုစွန်များ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့မွေးမြူ

လူ့ဘောင်ဘဝတွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတည်းဟူသော အရေးသုံးပါး ပြည့်စုံရန်လိုအပ်သည်။

လူတို့ ကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် အာဟာရပြည့်ဝသော အစားအစာများ စားသုံးရန်လိုအပ်သည်။ အာဟာရပြည့်ဝသော အစားအစာများတွင် လူတို့အတွက် ပရိုတိန်းဓာတ် ရရှိစေသော အသားငါးများ ပါဝင်သည်။

သားငါးကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိရေးအတွက် ငါး၊ပုစွန်များကို စနစ်တကျ တိုးချဲ့မွေးမြူသွားကြရမည်ဖြစ်သည်။

ရေချို၊ ရေငန် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိကြသည်။

အာဆီယံနိုင်ငံများတွင် မွေးမြူရေးဆိုင်ရာကဏ္ဍများ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ညီညွတ်ရေးကို တစ်ပြေးညီဖြစ်စေရန် အကောင်အထည်ဖော်နေသည်။ နိုင်ငံတကာ ငါး၊ပုစွန်ဈေးကွက်များသို့ အရည်အသွေးကောင်း ငါး၊ပုစွန် ထုတ်ကုန်များ တိုးမြှင့် တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ညီညွတ်ရန်လိုအပ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ငါး၊ ပုစွန်မွေးမြူရေးကန် ဧကလေးသိန်းကျော်ရှိရာ ငါး၊ပုစွန်မွေးမြူသူအားလုံးက ရေချို၊ရေငန် ငါး၊ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် နိုင်ငံတကာစံချိန်စံနှုန်းဖြစ်သော ကောင်းမွန်သည့် မွေးမြူရေးစနစ် ဂျီအေပီ(GAP= Good Aquaculture Practice)ကို လိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်က တစ်နိုင်ငံလုံး၏ ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီးတွင် တတိယနေရာ၌ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၌ လယ်ယာကဏ္ဍပြီးလျှင် ဒုတိယနေရာအထိ တိုးတက်ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက နိုင်ငံခြားဝင်ငွေပါတိုးတက်ရှာဖွေပေးနိုင်သည့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့မွေးမြူသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဈေးကွက်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျဖြစ်မည့် နည်းလမ်းရှာဖွေ ပြည်သူယုံကြည်ကိုးစားမှုရှိရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇွန် ၅

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃ ရက်က ပဲခူးတိုင်း တောင်ငူမြို့နယ် ကန်ရိုးကျေးရွာအနီးရှိ ကေတုမတီငါးနှင့်ကြက်မွေးမြူရေးကုန်ထုတ် သမဝါယမအသင်း လီမိတက်သို့ရောက်ရှိရာ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးမုတ်၊ တီလားပီးယားနှင့်ငါးဖယ် နမူနာများ၊ ငါးသားပေါက်မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) **တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြား၍ ငါးမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ပိုမိုထုတ်လုပ်

ယင်းနောက် ဝန်ကြီးသည် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာအနီးရှိ လူငယ်အားမာန် လယ်ယာကုန်ထုတ် သမဝါယမအသင်းသို့ ရောက်ရှိ၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက အသင်းပိုင်စိုက်ပျိုးဧကများ ထပ်မံတိုးချဲ့စိုက်ပျိုးကြရေး၊ စပါးနှင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ကြံစိုက်ပျိုးမှု တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် အဆင့်မြင့်နည်းပညာနှင့် နည်းစနစ်များအသုံးပြုရေး၊ စိုက်ပျိုးရေး နည်းပညာရှင်များအသုံးပြု၍ လယ်ယာထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက ပဲခူးတိုင်းမှ ဝန်ထမ်းများနှင့် အသင်းသားများအား လက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျ ဖြစ်စေမည့် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ကြရန်၊ ပြည်သူနှင့်ထိတွေ့ဆက်ဆံရသော ဝန်ထမ်းများဖြစ်၍ ပြည်သူလူထု၏ ယုံကြည် ကိုးစားမှုရရှိရေး အလေးထားဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသော သမဝါယမအသင်းများက စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ဝင်ငွေတိုးတက် ရရှိရေး၊ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၅

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၅၈)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဇွန် ၁၀ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့်၀၅၆-၂၁၄၃၂ သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဇွန်၁၀ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၆-၆-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၅ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၀၀ ၈။ မျိုးချစ်တပ်မတော်
၅း၁၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသ သတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၄၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိ ဇွတ္တိ"** (အပိုင်း-၇)

မေ ၂၈ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အမှတ်(၈၉)ရပ်ကွက်ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားကိုကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှတင်နှင့် အဖွဲ့ဝင်များ၊အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒီကမ္ဘာ သာယာလှပ စိမ်းမြမြ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စဉ်းစား သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အမျိုးသားလုပ်ငန်း ရေးဆွဲပြုစု အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဖွဲ့စည်းပြီး အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့

ရန်ကုန် ဇွန် ၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကြီးမှူး၍ ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်း၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်း အောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေးရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေး အသင်း အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာမြန်မာနိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က အမှာစကားပြောကြားရာတွင် ယခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အဖြစ် "သဲကန္တာရ တားဆီးရေး၊ ခြောက်သွေ့မြေများ ထိန်းသိမ်းပေး"ဟု ရွေးချယ် သတ်မှတ်ထားကြောင်း၊ မန္တလေးမြို့သည် အပူပိုင်းဒေသ တွင်တည်ရှိပြီး မြန်မာ နိုင်ငံ၏ သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေးကို အဓိက ဆောင်ရွက်နေသော သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန တည်ရှိရာမြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခမ်းအနားကျင်းပရန် မန္တလေးမြို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

မြေဆီလွှာဆုံးရှုံး

ယခုနှစ် ဆောင်ပုဒ်မှာ ကမ္ဘာ့မြေမျက်နှာပြင်၏ ၄၀ ရာခိုင်နှုန်းကျော်ရှိသော ခြောက်သွေ့မြေများ ထိန်းသိမ်းကာကွယ်ရေး အရေးကြီးပုံကို အလေးပေးထားကြောင်း၊ သဲကန္တာရ ဖြစ်ထွန်းမှု၏ အဓိက အကြောင်းရင်းများမှာ သစ်တောပြုန်းတီးမှု၊ အလွန်အကျွံ စိုက်ပျိုးမှု၊ စားကျက်မြေအဖြစ် လွန်ကဲစွာ အသုံးပြုမှု၊ မြေယာစီမံခန့်ခွဲခြင်း ညံ့ဖျင်းမှု၊ မိုးခေါင်မှုနှင့် လေ၊ ရေ တိုက်စားမှုတို့ကြောင့် မြေဆီလွှာ ဆုံးရှုံးမှုတို့ကြောင့် ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့ဒေသမှာ နိုင်ငံ့မြေဧရိယာ၏၁၀ရာခိုင်နှုန်းခန့်ရှိကြောင်း၊ဤဒေသ အတွင်းရှိ မြေဆီလွှာယိုယွင်းပျက်စီးမှုကို ထိန်းသိမ်းရန် အရေးတကြီးလိုအပ်ကြောင်း သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် ၁၉၉၄ခုနှစ်မှ စတင်၍ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး သုံးနှစ်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း။

ရေးဆွဲပြုစု

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၁၉၉၇ခုနှစ်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းအရ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် မြေဆီလွှာယိုယွင်းမှု တိုက်ဖျက်ရေးဆိုင်ရာ စီမံချက်နှင့် လုပ်ငန်းစဉ်များ ရေးဆွဲပြီး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ အမျိုးသားလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကိုလည်း ရေးဆွဲပြုစုပြီး ဖြစ်ကြောင်း။

စဉ်းစားဆောင်ရွက်

ထို့ကြောင့် ယနေ့ နိုင်ငံအားလုံး၏ ကြီးမားသောစိန်ခေါ်မှု တစ်ရပ်ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာရပ်များကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်စဉ်းစားပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းခြင်းမပြုဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်လူ့ဘဝ အရည်အသွေးများ ရေရှည်တည်တံ့အောင် မဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အစီအစဉ်ခေတ္တညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး ယာယီ တာဝန်ခံ အရာရှိ Mr. Onder Yucer က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Kofi A Annan နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်အမှုဆောင် ညွှန်ကြားရေးမှူး Dr. Klaus Topfer တို့၏ သဝဏ်လွှာများကို ဖတ်ကြားသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မအေးမြင့်မြတ်စိုးအား လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ၂၀၀၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဒုတိယဆုရရှိသူ မစိမ်းစိမ်းနှင့် တတိယဆုရရှိသူ ဦးစိုး မြင့်(စိုးရာဇာ-သာစည်)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အစီအစဉ် ခေတ္တ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံး ယာယီ တာဝန်ခံ အရာရှိ Mr. Onder Yucer က နှစ်သိမ့်ဆုများရရှိသော မနှင်းဥရည်နှင့် မောင်လင်းအောင်တို့အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ပြသတင်ဆက်

ဆက်လက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေး ဗီဒီယိုတေးသီချင်းများဖြင့် ပြသတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ နွယ်သာကီလမ်း အမှတ် ၁၇၆/၃၀နေ ဦးကြည်အေး-ဒေါ်ခင်ခင်ဆွေတို့၏ မင်္ဂလာနှစ်(၄၂) နှစ်ပြည့် မင်္ဂလာအလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၂သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ၂၀၀၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပုပ္ပား(၂)မိုးကုတ် ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၅

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု(၁၃၉)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ၊LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဇွန်၁၃ရက်(အင်္ဂါနေ့)ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(က-ပ)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓဝင်ပြခန်းရှိ ၂၅ ပေ၊ ၈ ပေ အရွယ် ကျိုက္ကစံ စေတီတော်နှင့် မိုးကောင်းစေတီတော် ပန်းချီကားချပ်အတွက် အခန်း ၂၃ တိုက်အမှတ်၂၆၅ ရန်ကင်း ၂ရပ်ကွက်နေ ဦးအောင်သူ-ဒေါ်သီတာထွေး၊ သမီး သက်ထားစံ မိသားစုတို့က မိဘများအား အမှူးထား၍ အလှူတော်ငွေကျပ် ၁၂၀၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းနှင့်အဖွဲ့ဝင်များထံ အလှူငွေပေးအပ်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၀၆(အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာ့လက်မှုယွန်းအနုပညာ
၇:၂၅	ဆန်းသစ်တီထွင်လာသော မြန်မာ့ဖိုက်ဘာ
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	မိုးလေဝသခန့်မှန်းချက်
၈:၅၅	အရည်အသွေးထူးခြား မြန်မာ့ကျောက်မျက်များ
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	Sunday Talk
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	သွားကျန်းမာရေးနှင့်ဖက်ရှင်
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	မြန်မာ့သစ်လုပ်ငန်းအမှတ်(၃) ပရိဘောဂစက်ရုံ
၁၀:၅၅	World Cup Special (Group-D)
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	Language Lab (ကမာရွတ် အမက-၂)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံ ပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၅

(၁၇)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၆ခုနှစ် အတွက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ယခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ ပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော် ဆိုင်ရာအထွေထွေဗဟုသုတ ဉာဏ်စမ်း ဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ အတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ် ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံး ရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း၊ ဆောင်းပါးသည် စာလုံးရေ၃၀၀၀မှ ၅၀၀၀အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်းပါရှိရမည် ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်ကိုလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် အကြောင်းအရာ Captionနှင့်အတူ ၁၀x၁၂ လက်မ(သို့မဟုတ်)၁၀x၁၄လက်မထက် မငယ်သော အရွယ်အစား Printပုံလေးပုံအထိကို လည်းကောင်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ကိုယ်တိုင်ရေးစာမူ ဖြစ်ကြောင်း၊ ကိုယ်တိုင်ဓာတ်ပုံရိုက်ကူးကြောင်းနှင့် ပြည်တွင်း ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းကို ဝန်ခံချက်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်။ ပြိုင်ပွဲဝင်စာမူများကို ၂၀၀၆ခုနှစ် စက်တင်ဘာ၃၀ရက်တွင် လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၃၀ရက်တွင်လည်းကောင်း နောက်ဆုံးထား၍ပေးပို့ရန် သတ်မှတ်ထားသည်။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ဟောင်ကောင်အဏ္ဏဝါဥယျာဉ်ကြီး ကမ္ဘာ့အကောင်းဆုံးအဏ္ဏဝါဥယျာဉ် ၁၀ခု၌ ပါဝင်

ဟောင်ကောင် ဇွန် ၅

ဟောင်ကောင်ရှိ အဏ္ဏဝါဥယျာဉ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိပ်တန်းအဏ္ဏဝါဥယျာဉ်ကြီး ၁၀ခုတွင် တစ်ခုအပါအဝင် ဖြစ်လာကြောင်း ဖောဘတ်စ်သတင်းဌာနက ဖော်ပြလိုက်သည်။

ကမ္ဘာပေါ်တွင်ရှိသော အကောင်းဆုံး အဏ္ဏဝါဥယျာဉ်ကြီးတစ်ခု ဖြစ်လာခြင်းကို မိမိတို့ ဂုဏ်ယူကြောင်း၊ ဟောင်ကောင် ဒေသခံများနှင့်ဝန်ထမ်းများအတွက် ဂုဏ်ယူစရာကောင်းကြောင်း အဏ္ဏဝါဥယျာဉ် အကြီးအကဲ တွမ်မီယာဟမ်က ပြောကြားသည်။

အမြဲဆန်းသစ်နေ

ဟောင်ကောင်ရှိ အဆိုပါ အဏ္ဏဝါဥယျာဉ်သည် လွန်ခဲ့သော ၂၉ နှစ်ကျော်ကာလအတွင်း ဒေသခံပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများ ၇၅သန်းခန့် ရောက်ရှိခဲ့ကြသည်ဟုလည်း ၎င်းက ပြောကြားသည်။ ဟောင်ကောင် အဏ္ဏဝါဥယျာဉ်ကြီး၌ သဘာဝ တရားကို လူတို့အနီးကပ် လေ့လာကြည့်ရှုနိုင်ရန် အစီအစဉ်များနှင့် အခြားစိတ်ဝင်စားဖွယ်ရာ အများအပြားရှိကြောင်း၊ အစီအစဉ်များကို အမြဲဆန်းသစ်နေအောင် ပြုလုပ်ထားကြောင်းလည်း မီယာဟမ်က ဆက်လက်ပြောကြားသည်။

စတင်ဖွင့်လှစ်

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း ဧည့်သည် ၄ ဒသမ ၀၃ သန်းရောက်ရှိခဲ့ရာ ယင်းမှာ၁၀ လနှင့် ၂၈ ရက်တာကာလအတွင်းဖြစ်သည်။ ထိုဧည့်သည် အရေအတွက်သည် ယခင်နှစ်က တစ်နှစ်လုံးလာရောက်သည့် ဧည့်သည်ထက် ပိုမိုများပြားကြောင်းသိရသည်။ အဆိုပါ အဏ္ဏဝါဥယျာဉ်ကြီးကို လွန်ခဲ့သည့် ၁၉၇၇ ခုနှစ် ဇန်နဝါရီလက စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

(အောက်ဝဲပုံ) အမ်အင်အေ၊ဆင်ဟွာ



ဟောင်ကောင် အဏ္ဏဝါဥယျာဉ်တစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆေးလိပ်မသောက်ရေး လှုပ်ရှားမှု

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လမ်းပေါ်တွင် ဆေးလိပ်မသောက်ရေး အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်နေသည်ကို ဇွန် ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်အစားအစာ စားသုံးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါ ကာကွယ်နိုင်

တိုကျို ဇွန် ၅

ပင်လယ်အစားအစာများကို စားသုံးခြင်းဖြင့်မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ အယ်လ်ဇိုင်းမားကို ကာကွယ်နိုင်သော သွေးရည်ကြည်ကို ရရှိနိုင်သည်ဟု ဂျပန်သုတေသနပညာရှင်များ၏ တွေ့ရှိချက်ကို ဒေသဆိုင်ရာ သတင်းစာက ဇွန်၂ရက်တွင် ဖော်ပြထားသည်။

ဖော်ပြ

တိုဟိုကူတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ယင်းသွေးရည်ကြည်နှင့် ပတ်သက်၍ တိရစ္ဆာန်များကို စမ်းသပ်ပြီး သက်သေပြခဲ့သည်။ ပင်လယ်အစားအစာများတွင်သွေးရည်ကြည်ပါဝင်မှု များသောကြောင့် အာရုံကြောဆဲလ်များ သေခြင်းကို အကာအကွယ်ပေးနိုင်သည်ဟု ယိုမီယူအီရှင်ဘွန်း သတင်းစာတွင် ဖော်ပြထားသည်။

အယ်လ်ဇိုင်းမားရောဂါသည် မှတ်ဉာဏ်ချို့ယွင်းမှုကို ဆိုးဆိုးရွားရွားဖြစ်စေပြီး ဦးနှောက်အတွင်းရှိ အာရုံကြောဆဲလ်များ သေသည်အထိ ဖြစ်စေသည်။

ရလဒ်အဖြေ

သိပ္ပံပညာရှင်များသည် အယ်လ်ဇိုင်းမားရောဂါရှိသော ကြွက်များကို သွေးရည်ကြည်ရရှိရန်အတွက် ပင်လယ်အစား အစာများကိုကျွေးခဲ့ရာ အယ်လ်ဇိုင်းမားရောဂါ လျော့နည်းသက်သာသည့် စမ်းသပ်မှု၏ ရလဒ်အဖြေကိုရခဲ့သည်။ ပင်လယ်အစားအစာများတွင် သွေးရည်ကြည် ဝဒသမ၁ရာခိုင်နှုန်းထက်ပိုမိုပါရှိသည်ကို ပါမောက္ခ တီယူအို မီယာဇာဝါ ခေါင်းဆောင်သောအဖွဲ့က စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သွေးရည်ကြည်ပါဝင်မှုကို မှတ်ကောင်နှင့်အခြား ရေနေသတ္တဝါ များတွင်လည်းတွေ့ရသည်။ ထို့အပြင် နွားဦးနှောက်တွင်လည်းပါသည်ဟု ၎င်းပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီသီယိုးပီးယားအမျိုးသမီးများ အိပ်ချ်အိုင်ဗွီကူးစက်ခံရမှုတိုးလာ

အဒစ္စအဘာဘာ ဇွန် ၅

အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဖြစ်ပွားမှုနှုန်းသည် အီသီယိုးပီးယား အမျိုးသမီးများအကြား ငါးရာခိုင်နှုန်း မြင့်မားနေကြောင်း၊ ၎င်းသည် ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဇွန် ၂ ရက်က အစိုးရသတင်းကြေညာချက် တစ်ရပ်၌ ဖော်ပြသည်။

ထုတ်ပြန်

အိပ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်သည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်နွှယ်ပေါင်းယှက်နေကြောင်း၊ ယင်းမှာ မိခင်များနှင့် ကလေးများအတွက် ကျန်းမာရေး အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အများဆုံးနိုင်ငံ

အဆိုပါ စာရင်းများအရ အီသီယိုးပီးယားတွင် အဆိုပါ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူနှစ်သန်းနီးပါးရှိကြောင်း၊ ယင်းမှာ ကမ္ဘာပေါ်တွင် အိပ်ချ်အိုင်ဗွီရောဂါ အများဆုံးနိုင်ငံ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တူရကီတောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ ၁၃ ဦးဒဏ်ရာရ

အင်ကာရာ ဇွန် ၅

တူရကီနိုင်ငံ၏စီးပွားရေး အချက်အချာကျရာဒေသ မြေထဲပင်လယ်တောင်ပိုင်း မာစင်ဆိပ်ကမ်းမြို့၌ ဗုံးတစ်လုံး ဇွန် ၃ ရက်က ပေါက်ကွဲခဲ့ရာ လူ၁၃ဦးဒဏ်ရာရရှိသွားကြောင်း အနာတိုလီယာသတင်း အေဂျင်စီက သတင်းထုတ်ပြန်သည်။

ယင်းဗုံးပေါက်ကွဲမှုသည် အန်ကာရာမြို့တောင်ဘက် ကီလိုမီတာ ၄၅၀ခန့်အကွာ မာစင်မြို့၌ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါဗုံးသည် မိုဘိုင်းလ်ဖုန်းတစ်ခုဖြင့်ဆက်သွယ်ထားသောဖောက်ခွဲရေးပစ္စည်းဖြစ်ပြီး အဝေးထိန်းခလုတ်နှိပ်၍ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြဇာတ်ရုံတစ်ရုံ၌ အနုပညာအဖွဲ့တစ်ဖွဲ့ ကပြဖျော်ဖြေနေသည်ကို ဇွန် ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှား၌ ရဟတ်ယာဉ်ပျက်ကျ သုံးဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

မော်စကို ဇွန် ၅

ရုရှားရဟတ်ယာဉ် တစ်စင်းသည် ဇွန် ၂ရက်က ဆီဘာရီးယန်းဒေသ၌ ပျက်ကျခဲ့ရာ အနည်းဆုံးလူသုံးဦး သေဆုံးပြီး အခြားခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း အရေးပေါ်ဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုးကားဖော်ပြ

ရုရှားပြည်ထဲရေးဝန်ကြီးဌာနမှ မိ-၈ အမည်ရှိ ရဟတ်ယာဉ်တစ်စင်းသည် ဂရင်းနစ်စံတော်ချိန် ၀၅း၄၅ တွင် ကီမာရိုဗိုလေဆိပ်သို့ ဆင်းရန်ကြိုးစားစဉ် ပျက်ကျခဲ့ကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီး ဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဗစ်ဆောဗီလ်ဆော့၏ ပြောကြားချက်ကို အင်တာဖက်စ် သတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟန်ကျိုးမြို့ရှိ ငါးမွေးမြူရေးကန်များတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် ငါးများ သေဆုံးနေသည်ကို ဇွန် ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အင်ဒိုနီးရှားငလျင်ဘေးဒုက္ခသည်များအတွက် ဒေါ်လာ၁၀၃သန်း လှူဒါန်းရန် ကုလသမဂ္ဂမေတ္တာရပ်ခံ

ကုလသမဂ္ဂ ဇွန် ၅

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်က ငလျင်ဒဏ်ခံစားခဲ့ရသော ဒုက္ခသည်နှစ်သိန်းကျော်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ၁၀၃ သန်းကိုလှူဒါန်းကြရန် ကုလသမဂ္ဂက ဇွန်၃ ရက်၌ မေတ္တာရပ်ခံလိုက်သည်။

အဆိုပါရန်ပုံငွေများဖြင့် ဒုက္ခသည်များအား အရေးပေါ် နေထိုင်စရာ ရွက်ဖျင်တဲများ၊ ဆေးဝါးဆိုင်ရာ အကူအညီများ၊ သောက်ရေသန့်များ၊ အစားအစာနှင့်ကလေးအသုံးအဆောင်များအတွက် လာမည့်ခြောက်လကျော်ကာလအတွင်း သုံးစွဲသွားရန် ဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျကာတာမြို့ ဘမ်တူဒေသတွင် ငလျင်ဘေးဒုက္ခသည်များအား စားနပ်ရိက္ခာ ပေးဝေနေသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အရေးကြီး

ဒေသဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက်လုပ်ကိုင်သွားနိုင်ရန်နှင့် ဒုက္ခသည်များ နေအိမ်ပြန်ရန် အိမ်မရှိခြင်းများအတွက် ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကူညီဆောင်ရွက်

ငလျင်ဒဏ်ခံရသည့် ဒေသများသို့ ကုလသမဂ္ဂအေဂျင်စီများမှ ကယ်ဆယ်ရေးဝန်ထမ်း တစ်ဒါဇင်ခန့် ပေးပို့ထားပြီး အခြားလူမှုရေးအဖွဲ့အစည်းများကလည်း ကယ်ဆယ်ရေးဝန်ထမ်းများ ပေးပို့ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဒဏ်ရာရ

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့် မေ၂၇ရက်က ရစ်ချ်တာစကေး၆ဒသမ၂ ရှိသောမြေငလျင်ကြောင့် လူ ၅၇၀၀ ကျော်သေဆုံးခဲ့ပြီး ဒေသခံနှစ်သိန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့ကာ လူငါးသောင်းခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်စစ်ပွဲထောက်ခံမှု အမေရိကန်၌ဆက်လက်ကျဆင်းနေ

ဝါရှင်တန် ဇွန် ၅

အမေရိကန်ပြည်ထောင်စု၌ အီရတ်စစ်ပွဲနှင့်ပတ်သက်၍စစ်တမ်းကောက်ယူရာတွင် ထောက်ခံမှုသည် ဆက်လက်ကျဆင်းနေပြီး ပြန်လည်ဖြေကြားသူ ၅၆ရာခိုင်နှုန်းက အီရတ်စစ်ပွဲ ဆင်နွှဲခြင်းသည် မှားယွင်းသောလုပ်ဆောင်မှုဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း အမေရိကန်မီဒီယာက ဇွန်၂ရက်၌ ဖော်ပြသည်။

ဆောင်ရွက်

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ထောက်ခံအားပေးခြင်းရှိမရှိဆိုသော ဆန္ဒမဲပေးခြင်းကို မေလ၂၃ရက်မှ၃၀ရက်အထိ ကွင်းနီးပက်တက္ကသိုလ်မှ ကြီးမှူးဆောင်ရွက်ခဲ့ရာ နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးသူ ၁၅၄၃ဦးရှိရာ အီရတ်စစ်ပွဲကျရှုံးသည်ကို ကျေနပ်သူမှာ ၃၉ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

ကျဆင်း

အီရတ်စစ်ပွဲကျရှုံးမှု အရေအတွက် တိုးပွားလာလျက်ရှိရာ အီရတ်စစ်ဆင်ရေးဆောင်ရွက်ရန် ပြည်တွင်းထောက်ခံမှုမှာ ကျဆင်းသွားကြောင်း လူထုသဘောထား မေးမြန်းထောက်ခံသူများက ပြောကြားသည်။

၂၀၀၃ခုနှစ် မတ်လက အီရတ်စစ်ပွဲ စတင်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၂၄၇၁ဦး သေဆုံးပြီး ၁၈၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပြန်ပေးဆွဲခံရသော ရေနံအလုပ်သမားရှစ်ဦး သေနတ်သမားများက ပြန်လည်လွှတ်ပေးခဲ့

လာဂို့စ် ဇွန် ၅

နိုင်ဂျီးရီးယားနိုင်ငံ ကမ်းလွန်ရေနံတူးစင်မှ နိုင်ငံခြားအလုပ်သမား ရှစ်ဦးကို ဇွန်၁ရက် ညပိုင်းက သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံထုတ်ကုန်အသစ်များ ထုတ်လုပ်ရန်အတွက် ခြိမ်းခြောက်မှု ဖြစ်နေကြောင်း၊ ၎င်းနိုင်ငံသည် အာဖရိကတိုက်၏ အများဆုံး ရေနံတင်ပို့သော နိုင်ငံဖြစ်ကြောင်း ဆင်ဟွာ၌ ဖော်ပြသည်။

ပါဝင်

အဆိုပါ ပြန်ပေးဆွဲခံရသော အလုပ်သမားများမှာ ဗြိတိသျှခြောက်ဦး၊ အမေရိကန်နှင့် ကနေဒါမှ တစ်ဦးစီပါဝင်ကြောင်း သိရသည်။ ထိုသို့ ပြန်ပေးဆွဲသွားသဖြင့် ယင်းရေနံတူးစင်မှာ ယာယီရပ်ဆိုင်းသော်လည်း ရေနံတူးစင်အား ဖျက်ဆီးခြင်းမရှိဟု ဆိုသည်။ ယင်းအလုပ်သမားရှစ်ဦးမှာ ပိတ်ခ်ရေနံကုမ္ပဏီ၌ အလုပ်လုပ်နေကြသူများ ဖြစ်သည်။

လွှတ်မြောက်

သို့သော် ဓားစာခံအဖြစ် ဖမ်းထားခံရသော ယင်းနိုင်ငံခြားသား ရေနံအလုပ်သမားရှစ်ဦး တနင်္ဂနွေနေ့ နံနက်ပိုင်းက ပြန်လည်လွှတ်မြောက်လာပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟောင်ကောင်တွင်ကျင်းပသည့် သတို့သမီးဝတ်စားဆင်ယင်မှုပြပွဲတွင် အလှမယ်တစ်ဦး၏ ဝတ်စားဆင်ယင်မှုကို ဇွန် ၃ ရက်က ဤသို့တွေ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စပါးကြီးမြွေနှင့်အတူနေထိုင်သည့် ကလေးငယ်

စပါးကြီးမြွေတစ်ကောင်နှင့်အတူ နေထိုင်လျက်ရှိသော ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အရှေ့ဘက်ကီလိုမီတာ ၅၀ ခန့်အကွာ ဆစ်ဘောကျေးရွာတွင် အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးမှာ ငါးမီတာရှည်သော စပါးကြီးမြွေ တစ်ကောင်နှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရသည်။ အဆိုပါစပါးကြီးမြွေမှာ လွန်ခဲ့သော ၂၀၀၀ပြည့်နှစ်မှစတင်ကာ ၎င်းကလေးငယ်လေးနှင့်အတူ လာရောက်နေထိုင်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

သစ်သီးများနှင့် အလှမယ်

သစ်သီးမျိုးစုံဖြင့် အလှဆင်ထားသော အလှမယ်တစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

နယူးယောက်မြို့တွင် ယခုရက် ပိုင်းအတွင်း ကျင်းပသော နွေရာသီ ဟင်းသီးဟင်းရွက်များဆိုင်ရာ ဖက်ရှင်ပြပွဲတစ်ခု၌ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကိုဆင်မြန်းကာ ဟန်ရေးပြခဲ့ကြရာ၌ အလှမယ်တစ်ဦးက ဦးခေါင်းထိပ်တွင် ပန်းသီးများ၊ ကိုယ်ခန္ဓာ၌ ဟင်းသီးဟင်းရွက်များ ဆင်မြန်းပြီး ထူးထူးခြားခြား ဟန်ရေးပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပေါ် သူတို့ ဤသို့ မြင်ကြသည်

ကွင်းဆင်းတွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၅

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကား နီးကပ်လာပြီဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို မျှော်လင့်စောင့်စားလျက်ရှိကြသော မြန်မာ့အလင်း ဘောလုံးပရိသတ်များအတွက် အလွှာစုံမှ ကမ္ဘာ့ဖလားရင်ခုန်သံများကို မျှဝေခံစားနိုင်ရန် ကွင်းဆင်းတွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

ညဦးပိုင်းနှစ်ပွဲ နေ့တိုင်းကြည့်မယ်။ လေ့ကျင့်ရေးနဲ့ ပြိုင်ပွဲရှိရင်တော့ ညဦး နက်ပိုင်း ပွဲတွေ မကြည့် ပါ ဘူး၊ အ ကြိုက် ဆုံး က တော့ ဘရာဇီး၊ ဂျာမနီနှင့်အင်္ဂလန် အသင်းတွေပါ"

မြန်မာ့တိုက်စစ်မှူး ဟောင်း မျိုးလှိုင်ဝင်း။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မျိုးလှိုင်ဝင်း

မြန်မာ့ ဘောလုံးလောက၌ အောင်မြင်ကျော်ကြားခဲ့သော မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင်ဟောင်း၊ နိုင်ငံ့ဂုဏ်ဆောင် တိုက်စစ်မှူးတစ်ဦးဖြစ်သည့် မျိုးလှိုင်ဝင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲအပေါ် အမြင်ကို တွေ့ဆုံမေးမြန်းရာ၌ "ကိုယ်တိုင်က ဘောလုံးသမားဆိုတော့ ကမ္ဘာ့ဖလားပွဲတွေ အတော်များများကို ကြည့်ဖြစ်မှာပါ။ အထူးသဖြင့် အစောပိုင်းပွဲတွေတော့ မလွတ်တမ်းကြည့်မယ်၊ အခုမြန်မာလိဂ်ပြိုင်ပွဲမှာ ဘဏ္ဍာ/အခွန်အသင်းနှင့် လေ့ကျင့်ခန်းတွေ၊ ပြိုင်ပွဲတွေ ကစားနေရတော့ ပွဲရှိတဲ့နေ့တွေဆိုရင် ညဥ့်နက်ပွဲတွေကြည့်နိုင်မှာ မဟုတ်ပါဘူး"ဟု ဦးစွာ မြန်မာ့အလင်းသို့ ပြောကြားသည်။

အကြိုက်ဆုံး

အကြိုက် နှစ်သက်ဆုံး အသင်းများနှင့်ပတ်သက်ပြီး ကိုမျိုးလှိုင်ဝင်းက "ဒီနှစ် ကမ္ဘာ့ဖလားမှာ ဘရာဇီး၊ ဂျာမနီ၊ အင်္ဂလန်အသင်းတွေကို ကြိုက်တယ်။ ဘရာဇီးအသင်းက ဘောလုံးပညာလဲ ရင့်ကျက်တယ်၊ ကစားတာလဲ ကျွမ်းကျင်တယ်။ ဘရာဇီးအသင်း ဘောလုံးကစားရင် ရုပ်ရှင်ပွဲတစ်ပွဲကြည့်ရသလို ရသမြောက်တယ်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတွေက နေရာအလိုက်မှာ ရှိတယ်။ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း ပြောစရာမရှိပါဘူး။ နောက်ပြီး ကာဖူးနဲ့ ကားလို့စ်တို့ အသက်ကြီးတာမှန်ပေမယ့် အတွေ့အကြုံအရ ဘယ်လို အင်အားချွေတာကစားရမယ်ဆိုတာ သိတယ်။ နည်းပြကလဲ ဘောလုံးသမား တစ်ဦးချင်း အနေနဲ့ သူတို့အနေအထားကို လိုက်ပြီး ဘယ်လိုပုံစံမျိုးကစားရမယ်ဆိုတာ သင်ပေးထားတာဆိုတော့ ဘရာဇီးအသင်းမှာ အသက်ကြီးတယ်ဆိုတာ ပြဿနာတစ်ရပ်မဟုတ်ဘူးလို့ ထင်ပါတယ်"ဟု ရှင်းပြသည်။

စိတ်ဓာတ်

ထို့ပြင် "ဂျာမနီအသင်းကိုလဲ ကြိုက်ကြောင်း၊ ဂျာမနီတို့စိတ်ဓာတ်ကောင်းကြောင်း၊ တိုင်းပြည်ကိုချစ်တဲ့ အသင်းဖြစ်ကြောင်း၊ တစ်ပွဲထက် တစ်ပွဲ ခြေတက်လာကြောင်း၊ ရေ၊ မြေ၊ ရာသီဥတုကလဲ အိမ်ရှင်တို့ကို အခွင့်သာစေကြောင်း၊ ဂျာမနီ၌ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများရှိနေကြောင်း" ဆက်လက်ရှင်းပြသည်။

"အကြိုက်ဆုံး ကတော့ အိုင်ဗရီကို့စ် အသင်းပါ။ ကစားပုံ မြန်တယ်ဗျ"

အငှားယာဉ်မောင်း သမား ကိုသန်းဇော်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အင်္ဂလန်ခြေစွမ်း

တစ်ဖန် "အင်္ဂလန်အသင်းကိုလဲ သဘောကျကြောင်း၊ ဘောလုံးသမားတစ်ဦးချင်းကိုလဲ သူတို့ရဲ့ခြေစွမ်းကအစ သိနေကြောင်း၊ ဘက်ခမ်း အနေနဲ့ အသင်းခေါင်းဆောင်တစ်ဦး အဖြစ် နောက်ဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲ ကစားတာဖြစ်နိုင်ပြီး အစွမ်းကုန်ကြိုးစားပြီး အောင်မြင်မှုရရှိအောင် ကြိုးစားပေးသွားမယ်လို့ ယုံကြည်နေကြောင်း၊ မိမိခံစားမှုနှင့် နှိုင်းယှဉ်ပြီး ပြောခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင်အဖြစ် တာဝန်ယူပြီးကစားခဲ့သည့် နောက်ဆုံးပြိုင်ပွဲ၌ အနိုင်ရလိုမှု စိတ်ဓာတ်များ ပြင်းပြနေကြောင်း၊ ဒါကို ခံစား နားလည်ပေးလိုစိတ်ဖြင့် ပြောခြင်းဖြစ်ကြောင်း"လည်း ပြောကြားသည်။

အထူးသဖြင့် နည်းပြများ၏ ဗျူဟာအခင်းအကျင်း၊ အားကစားသမားများ၏ ကစားပုံများကို အဓိကထားပြီး လေ့လာကြည့်ရှုသွားမည်ဖြစ်ပြီး အများအားဖြင့် ဘောလုံးပွဲစဉ်များကို မိမိတစ်ဦးတည်းသာ နေအိမ်၌ ကြည့်ရှုမည်ဖြစ်ကြောင်း ကိုမျိုးလှိုင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"အင်္ဂလန်ပွဲ ဆိုရင်တော့ ပိုက်ဆံမရရင် နေပါစေ ကြည့်ဖြစ်အောင် ကြည့်မယ်"

ဆိုက်ကားဆရာ ကိုစည်သူအောင်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ထို့နောက် သမ္ဘာရုပ်ရှင်ရုံရှေ့တွင် ဂိတ်ထိုးထားသော ဆိုက်ကားဆရာ ကိုစည်သူအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ရစ်မိုင်တွင် နေထိုင်သော ကိုစည်သူအောင်က "အင်္ဂလန်ပွဲတွေကို ဦးစားပေးပြီးကြည့်မယ်။ အင်္ဂလန်အသင်းကိုလဲ ကြိုက်တယ်။ အနိမ့်ဆုံး အကြိုဗိုလ်လုပွဲရောက်မယ်ထင်တယ်။ ဘက်ခမ်းနဲ့ ဂျရတ်တို့ ကစားပုံ အရမ်းသဘောကျတယ်။ အာရှက တောင်ကိုရီးယားအသင်းလဲ ကြိုက်ပါတယ်။ ပွဲတိုင်းကြည့်ချင်ပေမယ့် ညဥ့်နက်ပိုင်းပွဲတွေ မကြည့်နိုင်တော့ဘူး၊ မနက် ဆိုက်ကားနင်းရဦးမယ်လေ။ ဒါပေမယ့် အင်္ဂလန်ပွဲဆိုတော့ ပိုက်ဆံမရရင်နေပါစေ ကြည့်ဖြစ်အောင်ကြည့်မယ်။ လက်ဖက်ရည်ဆိုင်နဲ့ တခြားပြတဲ့နေရာတွေမှာ သူငယ်ချင်းတွေနဲ့ သွားကြည့်မယ်"ဟု မြန်မာ့အလင်းသို့ အားတက်သရော ပြောကြားသည်။



"မြဝတီရုပ်/သံက လွှင့်တဲ့ပွဲတိုင်း ကြည့်မယ်၊ ညဥ့်နက်ပိုင်း ပွဲတွေ တော့ မကြည့်နိုင်ဘူး၊ နောက်နေ့ ဂျာနယ်ရောင်းရမှာဆိုတော့ ချင့်ချိန်ရပါတယ်"

ဂျာနယ်ရောင်းသူ ကိုအောင်သောင်းခင်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

အိုင်ဗရီကို့စ်

တစ်ဖန် တောင်ဥက္ကလာပတွင် နေထိုင်သော အငှားမော်တော်ယာဉ်မောင်းသူ ကိုသန်းဇော်ကလည်း "ကမ္ဘာ့ဖလားပွဲက လက်လွှတ်ခံလို့မဖြစ်ဘူး။ ညဦးပိုင်း နှစ်ပွဲကိုတော့ နေ့တိုင်းကြည့်မယ်၊ တချို့ကြိုက်တဲ့ပွဲတွေဆိုရင်တော့ မတတ်နိုင်ဘူး ကြည့်ရမှာပဲ၊ နောက်နေ့ တက္ကဆီမဆွဲဘဲ နားရမှာပေါ့။ ကြည့်ရင်လဲ သူငယ်ချင်းတွေနဲ့ဆုံပြီး ကြည့်ဖြစ်မှာပါ။ အကြိုက်ဆုံးကတော့ အာဖရိကဇုန်က အိုင်ဗရီကို့စ်အသင်းပါပဲ၊ ခြေတက်နဲ့ လူသစ်ဖြစ်လို့ ကစားပုံအရမ်းမြန်တယ်၊ ဒီကမ္ဘာ့ဖလားမှာ အဆင့်တစ်ခုခုတော့ရမယ်ထင်တယ်"ဟု ပြောကြားသည်။

ထို့နောက် တာမွေဈေးတွင် ဂျာနယ်မျိုးစုံရောင်းသူ ကိုအောင်သောင်းခင်ကလည်း "မြဝတီရုပ်မြင်သံကြားကပြတဲ့ပွဲတွေကိုပဲ ကြည့်ဖြစ်မှာပါ။ အထူးသဖြင့် ညဦးပိုင်းပွဲတွေကတော့ လွှင့်သမျှ ကြည့်မှာပါပဲ၊ ဒါပေမယ့် ကိုယ့်အလုပ်လဲ မပျက်အောင် ချိန်ဆပြီး ကြည့်ရမှာပါ။ နောက်နေ့ ဂျာနယ်ရောင်းပြီး ပိုက်ဆံရှာရဦးမှာဆိုတော့ ချင့်ချိန်ရတာပေါ့။ အကြိုက်ဆုံးကတော့ အင်္ဂလန်ပါပဲ၊ ကစားပုံကြိုက်တယ်၊ ကစားသမားတွေကို အကုန်သိတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ ။

(မြန်မာ့အလင်း)

သဲကန္တာရများကို ချင့်ချင့်ချိန်ချိန်ကိုင်တွယ်စီမံရန်လိုအပ်

ရာသီဥတုပြောင်းလဲမှု၊ ရေအရင်းအမြစ်ကို အလွန်အကျွံသုံးစွဲမှုနှင့် ခရီးသွားလုပ်ငန်းများသည်ပင်လျှင် ကမ္ဘာ့သဲကန္တာရ ဂေဟစနစ်များအပေါ် မကြုံစဖူး ထူးကဲစွာဖိအားပေးနေသည်ဟု ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရေအရင်းအမြစ်

ရေများများသုံးရသော စိုက်ပျိုးသီးနှံများအတွက် ရေအရင်းအမြစ် မြောက်မြားစွာကို ဖြုန်းတီးပစ်နေသည်ဟု အစီရင်ခံစာပြုသူများက ပြောဆိုသည်။

သို့သော် သဲကန္တာရများကို သတိရှိရှိကိုင်တွယ်စီမံပေးလျှင် ကြီးမားသော စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်သည်ဟုလည်း ထည့်သွင်းပြောဆိုသည်။

ကျတ်တီးမြေ

အမှန်တကယ် ချင့်ချင့်ချိန်ချိန်ဆောင်ရွက်ကြပါက သဲကန္တာရများသည် ကျတ်တီးမြေဖြစ်ဖို့နေနေသာသာ ဇီဝဗေဒအရ၊ စီးပွားရေးအရနှင့် ယဉ်ကျေးမှုအရ အားထားရသည့်နေရာ ဖြစ်နိုင်သည်ဆို၏။

မြေယာစီမံခန့်ခွဲ

ကမ္ဘာ့တစ်ဝန်းတွင် ဆင်းရဲမွဲတေမှု၊ ထိန်းမထားနိုင်သော မြေသားစီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့က ခြောက်သွေ့မြေယာများကို သဲကန္တာရအဖြစ် ပြောင်းလဲပစ်လိုက်ကြောင်း၊ ထို့ပြင် အပြန်အလှန်အားဖြင့် တစ်စတစ်စ သဲကန္တာရဖြစ်မှုက ပိုမိုဆိုးသွားပြီး ဆင်းရဲမွဲတေမှုကို ဦးတည်သွားစေကြောင်းဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

အရေးတကြီးလုပ်ဆောင်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အရေးတကြီးလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပါက လာမည့်အနှစ် ၅၀ ဆိုလျှင် အံ့သြဖွယ်ရာ ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။ (ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

မြန်မာ့ရုပ်မြင်သံကြား

၆-၆-၂၀၀၆ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ ဆွာချောင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
- ၁၇:၂၅ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
- ၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ အဆိုပြိုင်ပွဲ
- ၁၈:၅၀ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၀၅ ၁၃။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတမော့)
- ၁၉:၂၀ ၁၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၁၉:၃၅ ၁၅။ အလုပန်းများတိုးတက်ဝေဆာ ထုံးအိုင်နှင့်ခရားအတွင်းကျေးရွာ
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း-၂၀) [ဇာတ်သိမ်းပိုင်း]
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

❒ ကျောဖုံးမှ

အဆိုပါ ဟားခါး–ဂန့်ဂေါလမ်းမှာ ချင်းပြည်နယ် မြောက်ပိုင်းရှိ မြို့များနှင့် ပြည်ပဆက်သွယ်သည့် အဓိကကျသည့် လမ်းမကြီးဖြစ်ပြီး ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၃၀ အကျယ် လမ်းတာချဲ့ခြင်း၊ ၁၂ ပေ အကျယ် ခွဲကျောက်ခင်းခြင်း၊ ခွဲကျောက်ခင်းပြီး လမ်းအပိုင်းများကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ ဟားခါး–ဂန့်ဂေါ လမ်းမိုင် ၇၇ မိုင် ၃ ဖာလုံရှိသည့် အနက် ယခုအခါ ကတ္တရာလမ်း၁၃ မိုင် ၆ ဖာလုံနှင့် ကျောက်လမ်း ၆၃ မိုင် ၅ ဖာလုံရှိ၍ လိုအပ်သည့် ရေပြွန်များ၊ တံတားငယ်များ တည်ဆောက်လျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးမြို့မှ ဟားခါး–ထန်တလန်– ဆာဆီချောက်လမ်းအတိုင်း ထန်တလန် မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ လမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများ၊ ခွဲကျောက် လမ်းခင်းလုပ်ငန်းများ၊ လမ်းဖြတ်ရေပြွန် ဆောက်လုပ်ထားမှုများကို စစ်ဆေးပြီး ထန်တလန်မြို့ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းရုံးသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

မြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံး၌ ဖလမ်းခရိုင် အင်ဂျင်နီယာမှူး ဦးခင်ဇော်က ဟားခါး–ထန်တလန်–ဆာဆီချောက် လမ်း အခြေအနေ၊ လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ချင်းပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးငွန်စန်းအောင်က ဖြည့်စွက် ရှင်းလင်း တင်ပြသည်။ ဝန်ကြီးက ဟားခါးမှ ထန်တလန်အထိ မြို့ချင်းဆက်သည့် လမ်းအပိုင်းကို ပထမအဆင့် ဦးစားပေး၍ တစ်ဆင့်စီ ကတ္တရာလမ်းအဖြစ် တည်ဆောက်ပေးသွားရန်၊ ထန်တလန်–ဆာဆီချောက် လမ်းအပိုင်းကို လက်ရှိလမ်းအဆင့် ထိန်းသိမ်းပေးသွားရန်နှင့် လမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ စနစ်တကျ ပြန်လည်တူးဖော်သွားရန်နှင့် လိုအပ်သည့် နေရာများတွင် လမ်းဖြတ် ရေပြွန်များ တည်ဆောက်ပေးသွားရန် မှာကြားပြီး တင်ပြချက်များမှ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သမိုင်း အထောက်အထားများ ထိန်းသိမ်းစောင့်ရှောက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး အဓိကဦးတည်ရမည် ရှေးဟောင်းပစ္စည်းများ တန်ဖိုးကြီးလှ၍ လုံခြုံရေးသတိရှိ

ရန်ကုန် ဇွန် ၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ရက်တွင် ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိလာပြီး ပုဂံရှေးဟောင်း သုတေသနပြတိုက်၌ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ ရှေးဟောင်းသုတေသနဦးစီးဌာနသည် မြန်မာ့သမိုင်းအထောက်အထားများကို ရှာဖွေလျက်ရှိပြီး ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက် ခင်းကျင်းပြသကြောင်း၊ ခင်းကျင်းပြသရာ၌လည်းကောင်း၊ ရှင်းလင်းပြောကြားရာ၌ လည်းကောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရေးကို အဓိက ဦးတည်ရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းပစ္စည်းများသည် တန်ဖိုးကြီးမားလှသဖြင့် ဝန်ထမ်းအားလုံးက လုံခြုံရေးသတိရှိကြရမည့်အပြင် ဝန်ထမ်းများအရည်အသွေး မြင့်မားရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းကြရန်လိုကြောင်း အမှာစကား ပြောကြားသွားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးအတွင်း အသေးစိတ် လှည့်လည် ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်နေဆဲဖြစ်သော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အရိမဒ္ဒနရွှေနန်းတော်ကြီးသို့ရောက်ရှိလာရာ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက လုပ်ငန်းပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ မြန်မာမှု ဗိသုကာ ပညာရှင် တမ္ဘဝတီဦးဝင်းမောင်က ပုဂံခေတ်နန်းတော်ပုံစံ ဗိသုကာအမွှမ်းပန်းတို့၏ နှောင်းခေတ် ဖြစ်သော အင်းဝခေတ်၊ ကုန်းဘောင်ခေတ် နန်းတော်များနှင့်မတူသည့် အချက်အလက်များကို အသေးစိတ် ပုံစံကားချပ်များဖြင့်လည်းကောင်း၊ ထူးထရေးဒင်းကုမ္ပဏီမှ ဗိသုကာပညာရှင် ဦးအံမ်သော်က နန်းတော် အဆောင် ၁၂ ဆောင်အနက် ပဥ္စပါသာဒ အဆောင်ကြီး ပြီးစီးမှုအခြေအနေ၊ အောက်ခံအုတ်ခုံ ပြီးစီးမှုအခြေအနေ၊ ဇေတဝန်ဆောင်၊စနုဆောင်၊ သီဟာသနဆောင်၊ အရှေ့ဘက်စမုတ်ဆောင် ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းညွှန်ကြား

ထို့နောက် ဝန်ကြီးသည် တည်ဆောက်နေဆဲဖြစ်သော နန်းဆောင်များကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်ချက်များကိုဖြည့်ဆည်းညွှန်ကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ယခင်က ထိန်းသိမ်းထားရှိသည့် ကျန်စစ်သားမင်းကြီး၏ ဇေယျာဘုမ်နန်းတော်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် ၂၀၀၃–၂၀၀၄ ခုနှစ်က တူးဖော် ထိန်းသိမ်းထားသော အနော်ရထာမင်းကြီး၏နန်းတော်နေရာ၌ တူးဖော်ထားရှိမှုအခြေအနေ၊ ရာသီဥတုဒဏ်ကာကွယ်သော အမိုးများ တည်ဆောက်မှုအခြေအနေ၊ တူးဖော်၍ ပေါ်လာသည့် မြေအိုးမြေခွက်များကို မူလနေရာတွင်ပင် မှန်အုပ်ဆောင်းများဖြင့် အုပ်မိုးထိန်းသိမ်းမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂံရှေးဟောင်း သုတေသနပြတိုက်

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ပုဂံရှေးဟောင်း သုတေသန ပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(ယဉ်ကျေးမှု)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သား/ သမီးများအား ၂၀၀၆–၂၀၀၇ ခုနှစ်အတွက်ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲနှင့် မှုခင်းကြိုးပမ်းဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးရှိ လုပ်ငန်းညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း၊ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ ဌာနစုမှူးများ တက်ရောက်ကြသည်။

ကြိုးပမ်းဖော်ထုတ်

အခမ်းအနားတွင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက တပ်ဖွဲ့ဝင်မိသားစုများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မှုခင်းကြိုးပမ်းဖော်ထုတ်နိုင်ခဲ့သည့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက ဌာနခွဲမှူးများထံသို့ ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၂၈၃၁၅၀၀ ကိုလည်းကောင်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့၊ သာကေတ၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ ဗဟန်း ရဲစခန်းတို့ရှိ အမှုများမှ တရားခံများနှင့် သက်သေခံပစ္စည်းများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးပေးခဲ့သော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ ရဲအုပ်မြတ်ခိုင်နှင့် တပ်ဖွဲ့ဝင်များအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင် ရဲတပ်ဖွဲ့များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး၊ ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်း နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

စာမေးပွဲစည်းကမ်းနှင့်အညီ ဖြေဆိုရေးကြပ်မတ် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ တိကျစွာလိုက်နာ

ရန်ကုန် ဇွန် ၅

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအုန်းမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့လိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဖွင့်လှစ်ထားရှိသောသင်တန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်ကြားပို့ချသောအထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ သင်ကြားရေးဆိုင်ရာ စာသင်ခန်းများနှင့် သင်ကြားသင်ယူမှုအထောက်အကူပြု စာသင်ခန်းများ၊ ဝန်ထမ်းရေးရာ၊ သင်ကြားမြှင့်တင်ဆောင်ရွက်မှုများ၊ သင်ရိုးညွှန်းတမ်းမြှင့်တင်ရေးအတွက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဘာသာရပ်ဆိုင်ရာသင်ကြားမှုများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လိုအပ်သော ဆရာဆရာမများပြုစုပျိုးထောင်ရေး၊ Language Lab များ အသုံးပြုသင်ကြားရေး၊ သင်ကြားရေးဆိုင်ရာလိုအပ်သော စာအုပ်စာတမ်းများ ပြည့်စုံစွာဖြည့်ဆည်းထားရှိရေး၊ တက္ကသိုလ်၏ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စည်းမျဉ်းစည်းကမ်းများလိုက်နာဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် Language Lab စာသင်ခန်းများ၊ စာကြည့်တိုက်၊ ပထမနှစ် တရုတ်ဘာသာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးမောင်မောင်အေးက ရန်ကုန် အဝေးသင်တက္ကသိုလ်၏ ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တိကျစွာလိုက်နာ

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဆိုင်ရာ စည်းကမ်းများနှင့်အညီ ဖြေဆိုရေးကို ကြပ်မတ် ဆောင်ရွက်ရေး၊ e-Learning Centre များကို အသုံးပြု သင်ယူနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

လိုအပ်ချက်များဖြည့်ဆည်း

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများက စာစဉ်ဖြေဆိုမှုများ၊ အမှတ်ပေး စည်းမျဉ်းများ၊ စာမေးပွဲဆိုင်ရာ စည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးကျင်သိန်းအားရည်စူး၍ အမှတ်၂၂ ရတနာမွန် ၃လမ်း အေးရိပ်မွန်အိမ်ရာ လှိုင်မြို့နယ်နေ ဇနီး ဒေါ်ကျင်မြနှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ်နှစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(က–ပ)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ၊ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာအလယ်၌ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေနိုင်စေရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေကြောင်း။

ဦးတည်ချက်ရှိရှိ

ယင်းသို့ မိမိနိုင်ငံမိမိ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ရှုထောင့်အသွယ်သွယ်ဖြင့် နယ်ပယ်ကဏ္ဍစုံ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ရည်မှန်းချက်မြင့်မြင့်မားမားထားရှိပြီး ဦးတည်ချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်မြှင့်တင်နိုင်စေရန်သာမက ရရှိဖြစ်ထွန်းလာသော ဖွံ့ဖြိုးတိုးတက်မှုအပေါင်းကို ရေရှည်တည်တံ့ခိုင်မြဲစေရအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်ဆိုရာတွင် မိမိနိုင်ငံသူနိုင်ငံသားများအားလုံးက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်မြင့်မားစွာဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်စွမ်းဆောင်ကြရန်လိုအပ်သည့်အပြင် အမျိုးသားရေးကိုယ်ခံစွမ်းအားကောင်းကောင်း၊ ပညာစွမ်းအား ပြည့်ပြည့်ဝဝ၊ အရည်အသွေး မြင့်မြင့်မားမားဖြင့် စွမ်းဆောင်ပေးနိုင်စွမ်းရှိရန်လည်း လိုအပ်ကြောင်း။

စနစ်တကျကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် သာမန်ကြိုးစားအားထုတ်မှုမျှသာမဟုတ်ဘဲ အမျိုးသားပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်ထားရှိပြီး မိမိနိုင်ငံသူ နိုင်ငံသားများကို အရည်အသွေးထက်မြက်မြင့်မားသော ပညာစွမ်းအားဖြင့် ပြည့်စုံစေရအောင် စနစ်တကျကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီးပွားရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဤစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးရေး၊ သစ်တော၊ သတ္တု၊ ကျန်းမာရေး၊

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသား သင်တန်းသူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း အနှစ် ၃၀ နှစ်ရှည်စီမံကိန်းများကို ကာလတို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံး သိရှိကြပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် အမျိုးသားစီးပွားရေးစီမံကိန်း၏ တတိယကာလတို ငါးနှစ်စီမံကိန်းကာလ ပြီးဆုံးပြီဖြစ်သည့်အပြင် စီမံကိန်းရည်မှန်းချက်များလည်း ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဤတိုးတက်အောင်မြင်မှုများကို အရှိန်ယူပြီး ၂၀၀၆-၂၀၀၇ခုနှစ်ကစတင်သော စတုတ္ထကာလတို ငါးနှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဓိကဦးတည်ချက်များ

ဤစတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အဓိကဦးတည်ချက်များကို သတ်မှတ်ထားရှိရာတွင်လည်း “လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး”ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်ထားပြီးဖြစ်ကြောင်း။

ဤဦးတည်ချက်နှင့်အညီ နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့်လျော်ညီစွာ မိမိနိုင်ငံတော်အတွင်း သိပ္ပံနှင့် နည်းပညာများ နယ်ပယ်ကဏ္ဍစုံ၌ ထွန်းကားပြန့်ပွားစေရန်၊ အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ၊ စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆေးပညာရှင်များ စသော လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် နိုင်ငံတကာအဆင့်မီ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ဤအခြေခံကောင်းများကို ထိရောက်စွာ အသုံးပြုနိုင်သည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရန်ဆိုသည့် မျှော်မှန်းချက်များဖြင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ယနေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြင်ဆင်ဆောင်ရွက်

ယနေ့အချိန်အခါတွင် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများသည် ပညာရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအားလုံးကို အရှိန်အဟုန်ပြင်းစွာ လွှမ်းမိုးရိုက်ခတ်လျက်ရှိကြောင်း၊ ယင်းသို့ သိပ္ပံနှင့်နည်းပညာရပ်များ၊ ICT နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုအရှိန်အဟုန်နှင့်လိုက်လျောညီထွေစွာ မကျင့်သုံးနိုင်မှုကြောင့် မိမိတို့ ပညာရေးလောက နိမ့်ကျသွားရသည့် အခြေအနေမျိုး မဖြစ်ပေါ်စေရအောင်နှင့် ဤတိုးတက်ဖြစ်ထွန်းမှုများကို မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အကျိုးရှိ ထိုက်တန်စွာဖြင့် ဆီလျော်ညီညွတ်စွာ အသုံးပြုနိုင်စေရအောင် ပညာရေးကဏ္ဍအနေဖြင့် အနာဂတ်ကို မျှော်မှန်းသော ပြုပြင်ပြောင်းလဲမှုများကို ယခုကပင် ပြင်ဆင်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤရည်မှန်းချက် ပြည့်မြောက်ရေးအတွက် ပညာရေးကဏ္ဍသာမက ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံ၌ တစ်မျိုးသားလုံးက ဦးတည်ချက်ရှိရှိဖြင့် ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသို့ တစ်မျိုးသားလုံး၏ အားထုတ်ကြိုးပမ်းမှုများ အောင်မြင်အကောင်အထည်ပေါ်လာရေးတွင် နယ်ပယ်ကဏ္ဍအသီးသီး၌ရှိသော ပညာရှင်များ၊ ပညာရပ်အသီးသီးက ဆရာ ဆရာမများအနေဖြင့် အဓိကကျသည့် ရှေ့ဆောင်ရှေ့ရွက်ပြုမှု အခန်းကဏ္ဍကနေ ဦးဆောင်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယနေ့ကဲ့သို့ ICT နည်းပညာကြီးစိုးသည့် ခေတ်ကာလတွင် မိမိတို့လိုလားသော ပညာရပ်များကို Internet Website အသီးသီးကတစ်ဆင့် ကိုယ်တိုင်ထုတ်နုတ် လေ့လာနိုင်နေပြီဖြစ်သော်လည်း ကျောင်းသင်ပညာရေးနှင့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် ပျောက်ပျက်မသွားသည့်အပြင် ကျောင်းသူ ကျောင်းသားများ၏ လေ့လာသင်ယူမှုတွင် ဆရာ ဆရာမများ

ဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီး

❑ ပြည်ထောင်စုကြီးတစ်ခွင်လုံး၌ ဖြန့်ကြက်တည်ထောင်ပေးထားသော တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာ နယ်မြေဒေသအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည်သာမက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကိုပါ သက်ဆိုင်ရာ ပညာရပ်စွမ်းအားဖြင့် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်အတိုင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည်။

အနေဖြင့် ဦးဆောင်လမ်းပြမှု၊ စီမံဖန်တီးပေးမှု အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပေးရမည့် ပိုမိုအရေးပါသောနေရာကို ရောက်ရှိလာသည်ကို တွေ့ရကြောင်း။

တစ်ပြေးညီလိုက်ပါ

ထို့အပြင် ခေတ်ကာလနှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှု၊ ပညာရပ်နယ်ပယ်အသစ်များ တိုးပွားလာမှု၊ ပညာရပ် မျိုးကွဲများ တိုးချဲ့လာမှုစသည့် ပညာရပ်ဆိုင်ရာ တိုးပွားဖြစ်ထွန်းမှုများကို တက္ကသိုလ်၊ ကောလိပ်များနှင့် ဆရာ ဆရာမများက ဦးဆောင်ပြီး တစ်ပြေးညီ လိုက်ပါနေကြရမည့်အခြေအနေကို ရောက်ရှိနေပြီလည်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်နှင့်အညီ လိုအပ်သည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ၊ ICT ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံ တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများက ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးအခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချပြီး ပညာရပ်ဆိုင်ရာ အပိုင်းကဏ္ဍတွင်ရော စီမံခန့်ခွဲမှုအပိုင်းကဏ္ဍ၌ပါ ပညာဉာဏ်ဖြင့်ယှဉ်လျက် ကြိုးစားဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားများအတွက်ရော ပညာရေးလောကနှင့်တကွ နိုင်ငံတော်အတွက်ပါ ထူးခြားသော အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာမှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

ထိထိရောက်ရောက်အသုံးချ

ဒေသအလိုက်တည်ရှိနေသည့် ဇီဝ၊ ရုက္ခ၊ ဘူမိစသော သယံဇာတအရင်းအမြစ်များနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများ၊ သက်ဆိုင်ရာတက္ကသိုလ်အလိုက် အထူးပြုထားသော ပညာရပ်များကို မိမိတို့တက္ကသိုလ်၊ ကောလိပ်အချင်းချင်း ဆက်သွယ်ပေါင်းစပ်ပြီး ပညာမျှဝေကြရန်၊ သုတေသနလုပ်ငန်းများ တီထွင်ကြံဆ ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားတက္ကသိုလ်များနှင့် အကျိုးတူ ပူးပေါင်းပြုလုပ်သော သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်၊ ရရှိသည့် အကျိုးရလဒ်ကို သက်ဆိုင်ရာဒေသနှင့် နိုင်ငံတော်အတွက် လက်တွေ့ အကျိုးဖြစ်ထွန်းစေရအောင် ထိထိရောက်ရောက် အသုံးချသွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

အထူးသဖြင့် နယ်ပယ်အသီးသီး၌ မိမိတို့တက္ကသိုလ်၊ ကောလိပ်အချင်းချင်းသာမက နိုင်ငံတကာနှင့် ဆက်စပ်ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်စေရအောင် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများအားလုံးက အမြဲမပြတ် ကြံဆတွေးတောအားထုတ်ကြိုးပမ်းဆောင်ရွက်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများနှင့် လိုက်လျောညီထွေ ယှဉ်တွဲလိုက်ပါပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ အစွမ်းကုန် ပွင့်လင်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြပါသည်ဟု ပြောကြားလိုကြောင်း။

တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပညာရေးကဏ္ဍ၏အမျိုးသားရေးတာဝန်များ ကြိုးပမ်းဆောင်ရွက်

တည့်မတ်ခိုင်မာ

အရေးအကြီးဆုံးသည် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာရန်ပင်ဖြစ်ကြောင်း၊ သက်ဆိုင်ရာပညာရပ်ကို မြတ်နိုးသည့်စိတ်ဓာတ်၊ ပညာရပ် တိုးတက်ဖြစ်ထွန်းအောင် ကြိုးစားဖော်ဆောင်လိုသည့် စိတ်ဓာတ်၊ မိမိ၏ တပည့်များကို တော်အောင် တတ်အောင်၊ ထူးချွန်ထက်မြက်အောင် လေ့ကျင့်သင်ကြားပေးလိုသည့်စိတ်ဓာတ်နှင့် အဓိကအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို မိမိတတ်သိကျွမ်းကျင်ရာ ပညာရပ်စွမ်းအားဖြင့် မြှင့်တင်ပေးလိုသော တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဓာတ်တို့ အစဉ်ထာဝရ ထက်မြက်ရှင်သန်နေစေရန်နှင့် ဤခိုင်ကျည်မွန်မြတ်သည့်စိတ်ဓာတ်၊ ကောင်းမြတ်သည့်စေတနာတို့၏ စေ့ဆော်မှုဖြင့် မိမိတို့၏ ပညာရပ်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ အစဉ်အမြဲ တည့်မတ်ခိုင်မာစွာ ရှိနေစေရအောင် ထိန်းကျောင်းဆောင်ရွက်သွားရန်ပင်ဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် သမိုင်းခေတ်အဆက်ဆက်တွင် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးများကို ထူထောင်နိုင်ခဲ့ကြသည့် အစဉ်အလာရှိခဲ့ကြောင်း၊ ထို့အပြင် သမိုင်းစဉ်တစ်လျှောက်၌ တိုင်းရင်းသားလူမျိုးများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်ပြီး စည်းလုံးညီညွတ်သော မြို့ပြနိုင်ငံကြီးများ ထူထောင်နိုင်ခဲ့ကြသည့် အစွမ်းသတ္တိလည်းရှိခဲ့ကြကြောင်း၊ ဤပင်ကိုဗီဇကောင်း၊ အရည်အသွေးကောင်းများ၊ စိတ်ဓာတ်ကောင်း၊ သမိုင်းအစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်မြှင့်တင်ပြီး ခေတ်မီနည်းပညာများ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ၏ စွမ်းအားဖြင့် ပေါင်းစည်းပေးနိုင်မည်ဆိုလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ကိုယ့်အင်ကိုယ့်အားဖြင့်တည်ဆောက်နိုင်မှာ မလွဲဘူးဟု ပြောကြားလိုကြောင်း။

စီမံကိန်းအသွယ်သွယ်ချမှတ်

ယခုဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံထောင့်စုံ နယ်ပယ်ကဏ္ဍစုံ၌ အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး သဟဇာတဖြစ်စွာ ညီညီညွတ်ညွတ်၊ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်လည်း စီမံကိန်းအသွယ်သွယ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာတွင် စက်ရုံအလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ ခေတ်မီလေယာဉ်ကွင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများအပြင် ခေတ်မီဆေးရုံကြီးများနှင့် နိုင်ငံတကာအဆင့် တက္ကသိုလ်နှင့်ကောလိပ်များကိုလည်း နယ်မြေဒေသအနှံ့အပြား၌ အကွက်ချ တည်ဆောက်ပေးလျက်ရှိကြောင်း။

ဤသို့ ပြည်ထောင်စုကြီးတစ်ခွင်လုံး၌ ဖြန့်ကြက်တည်ထောင်ပေးထားသော တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာနယ်မြေဒေသအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည်သာမက ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကိုပါ သက်ဆိုင်ရာပညာရပ်စွမ်းအားဖြင့် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်အတိုင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ်များအားလုံး အထူးသဖြင့် ပညာရှင်များဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့တက္ကသိုလ်၊ ကောလိပ်တည်ရှိရာ ဒေသ၏ သဘာဝအရင်းအမြစ်များ၊ ဖွံ့ဖြိုးမှုအလားအလာများ၊ ဖုံးကွယ်ငုပ်လျှိုးနေသော တန်ဖိုးများကို သုတေသနပြုဖော်ထုတ်ပြီး ဒေသ၏အကျိုးအတွက် လက်တွေ့ဖော်ဆောင်ပေးနိုင်စေရအောင် အစဉ်တစိုက် အားထုတ်ကြိုးပမ်းနေကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပိုမိုတာဝန်ရှိ

အထူးသဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများသည် အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများကို လွှမ်းခြုံရိုက်ခတ်နေသော ယနေ့အချိန်အခါကာလတွင် ပညာရေးကဏ္ဍက ဆရာ ဆရာမများ၊ ပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ပိုမိုပြီးတာဝန်ရှိပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအများ၏ လိုလားချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့သောလမ်းစဉ်များဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်မှုတို့သည် ခွဲခြားမရသည့်တစ်ဆက်တစ်စပ်တည်းသော ဖြစ်စဉ်တစ်ရပ်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားသော နိုင်ငံသူနိုင်ငံသားတိုင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ပူးပေါင်း ဖော်ဆောင်ပေးကြရန် တာဝန်ရှိကြောင်း။

ပါဝင်ကြိုးပမ်းဆောင်ရွက်

ဒီမိုကရေစီအခွင့်အရေးသည် တာဝန်နှင့်ယှဉ်တွဲလျက်ရှိသည်ဆိုသည်ကို နိုင်ငံတကာက လက်ခံထားသော သဘောတရားတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီလိုလားသူတိုင်းသည် နိုင်ငံတော်၏ တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းဘောင်အတွင်းက မိမိတို့၏ လူမှုအခွင့်အရေးများကို ခံစားရင်း နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေးသည် နိုင်ငံသူနိုင်ငံသားတိုင်းအတွက် အခွင့်အရေးဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း။

ဤသို့ ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ရေးတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိဖြင့်ယှဉ်သော၊ ပညာဖြင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ ပြည်သူများ အသိဉာဏ်ပညာမြင့်မားမှသာ အသိအမြင် ဗဟုသုတကြွယ်ဝမှသာ အနှောင့်အယှက်၊ အဟန့်အတားအဖုံဖုံ သွေးဆောင်ဖြားယောင်းမှုအမျိုးမျိုးကို ပညာစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားပြီး မှန်ကန်သော အမျိုးသားရေး လမ်းကြောင်းပေါ်၌ တည့်မတ်ခိုင်မာစွာ ရွေးချယ်လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

မှန်ကန်သောအမျိုးသားရေးလမ်းကြောင်း

❑ ပြည်သူများ အသိဉာဏ်ပညာ မြင့်မားမှသာ အသိအမြင် ဗဟုသုတကြွယ်ဝမှသာ အနှောင့်အယှက်၊ အဟန့်အတား အဖုံဖုံ သွေးဆောင် ဖြားယောင်းမှု အမျိုးမျိုးကို ပညာစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားပြီး မှန်ကန်သော အမျိုးသားရေးလမ်းကြောင်း ပေါ်၌ တည့်မတ် ခိုင်မာစွာ ရွေးချယ်လျှောက်လှမ်းနိုင်မည်။

အမျိုးသားရေးတာဝန်များ

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဆိုသည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ အမိနိုင်ငံတော်ကြီးကို တည့်မတ်မှန်ကန်စွာ တည်ရှိနေစေရေးအတွက် အမျိုးသားပညာရည်မြင့်မားမှု စွမ်းအား၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအား၊ ပညာ၏စွမ်းအားတို့ဖြင့် ဖော်ဆောင်ပေးနိုင်စေရအောင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာဖြင့် ယှဉ်တွဲရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကို အခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှုဖြစ်စဉ် အဆင့်ဆင့်အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာ အခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမ စုစုပေါင်း ၈၄၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

တည်ဆောက်၍ ဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ရန်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း၌ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးစသည့် ဘက်စုံကဏ္ဍများတွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်စွာမြင်တွေ့ရပါကြောင်း၊ ထိုသို့ မြင်တွေ့ရသည့်အတွက် နိုင်ငံတော်အတွင်း ခံယူချက်အမျိုးမျိုးဖြင့် အမျိုးမျိုးကွဲပြားစွာ ဆောင်ရွက်နေသည်ကို မလိုလားတော့ဘဲ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသဖြင့်လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုသာ အဓိကထား ဆောင်ရွက်လိုသဖြင့်လည်းကောင်း၊ အသက်အရွယ်များလည်း ကြီးရင့်လာပြီဖြစ်၍ ဘာသာရေးနှင့် ၎င်းတို့၏မိသားစုများ၏ လူမှုစီးပွားရေးကိုသာ တစိုက်မတ်မတ် လုပ်ကိုင်လို၍လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်အဖြစ်နှင့် ပါတီတာဝန်များမှ နုတ်ထွက်ပါကြောင်း၊ ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလအဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမောင်အပါအဝင် ပါတီဝင် ၁၀ဦးတို့က ၎င်းတို့ကိုယ်တိုင်၏ သဘောဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး နုတ်ထွက်ခဲ့ပြီး အဖွဲ့ဝင် ဦးသန်းထွန်းမှာ အကျဉ်းကျနေသဖြင့် လက်ကျန်ပါတီဝင်မရှိတော့ဘဲ ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေတစ်ခုလုံး၌ မြို့နယ်အလိုက် အမှုဆောင်အဖွဲ့ဝင်များ နုတ်ထွက်ဖျက်သိမ်းမှုအနေဖြင့် သိန်းနီ၊ ကွတ်ခိုင်၊ တန့်ယန်း၊ နမ္မတူ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်နှင့် မဘိမ်းမြို့နယ် ရှစ်မြို့နယ်တို့၌ NLDပါတီဝင်အားလုံး စုပေါင်းနုတ်ထွက်သွားခဲ့ပြီးဖြစ်ကြောင်း၊ လားရှိုးမြို့နယ်၌ ပါတီဝင်ငါးဦး၊ မူဆယ်မြို့နယ်၌ ပါတီဝင်နှစ်ဦးနှင့် သီပေါမြို့နယ်၌ ပါတီဝင်ငါးဦး စုစုပေါင်း ပါတီဝင် ၁၃ဦးတို့သာ လက်ကျန်ရှိတော့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြုံးပန်းလှိုင်ဝေ ရှမ်းတောင်မြေ

ဒေါက်တာကြည်ခိုး (စဝ်စံထွန်းဆေးရုံ)

မွေးရာပါ နှုတ်ခမ်းကွဲ ကလေးငယ်များ၏ မိဘများရင်ထဲသို့ ဝင်ကြည့်လျှင် အလွန်စိတ်မချမ်းမြေ့စရာ ကောင်းပေမည်။ နှုတ်ခမ်းကွဲအပြင် အာခေါင်ပါကွဲနေလျှင်ကား ပိုဆိုးပေတော့မည်။ အာခေါင်ကွဲကြောင့် စကားမပီဖြစ်ကြမည်။ ထို့ထက်ဆိုးလျှင် အစာကောင်းကောင်း မဝင်သောကြောင့် အာဟာရချို့တဲ့လာမည်။ ရောဂါမျိုးစုံ ဝင်တတ်သည်။ အဆုတ်ရောင်ရောဂါမှာ အများဆုံး ဖြစ်တတ်သော ရောဂါဖြစ်သည်။ ကာယကံရှင် ကလေးများအတွက်ကား ကံဆိုးလှချေသည်။ ရုပ်ရည်အဆင်း မလှမပ ဖြစ်ရသည့်အပြင် လူမှုရေးဒုက္ခ၊ စိတ်ဓာတ်ရေးရာဒုက္ခများ တစ်ပုံတစ်ပင် ရင်ဆိုင်ရတော့သည်။ ကလေးငယ်အချင်းချင်း ဆော့ကစားကြလျှင်လည်း နှုတ်ခမ်းကွဲတာကိုပင် ပုံကြီးချဲ့၍ စကြနောက်ကြသည်။ နောက်ပြောင် ကြရင်း စိတ်ဆိုးကြ၍ မကြာခဏ ရန်ဖြစ်ကြသည်။ မိမိ နှုတ်ခမ်းကွဲကိုသူများက စိုက်ကြည့်လျှင် ရှက်ကိုးရှက်ကန်းဖြစ်၍ မျက်နှာငုံ့သွား တတ်သော အကျင့်ပင် ဖြစ်နေလေပြီ။ ကြာလာတော့ စိတ်ဓာတ်ကျ၍ အိမ်တွင်းပုန်းနေချင်တော့သည်။ ကျောင်းနေအရွယ်ရောက်၍ မိဘများက ကျောင်းလွှတ်လျှင်လည်း ကျောင်းသွားချင်စိတ်မရှိ။ ကိုယ့်ကိုယ်ကို အလွန်သိမ်ငယ်စိတ်ဝင်ပြီး အိမ်ပြင်မထွက်ချင်၊ လူတောမတိုးဝံ့သော စိတ်ကျရောဂါ ခံစားရပေမည်။ ယခုကဲ့သို့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲနေရှာသော ကလေးငယ်များ၏ ဒုက္ခကို ကူညီပေးနိုင်သူများပေါ်လာလျှင် မည်မျှကောင်းပါလိမ့်မည်နည်း။

ထိုကလေးများနှင့် မိဘများ၏ဆန္ဒများ မကြာမီက ပြည့်ဝခဲ့ပေတော့သည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် ထိုကလေးတွေကို ကုသပြုပြင်ပေးရန် အလွန် ဆန္ဒပြင်းပြခဲ့သည်။ ရန်ပုံငွေကို ရှာဖွေ၍ မဖြစ်မနေ အကောင်အထည်ဖော်ရန် ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကို တိုက်တွန်း၍လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့သည်။ ရှမ်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးက ဦးဆောင်လှုပ်ရှားခဲ့သည်။ မန္တလေးဆေးရုံအုပ်ကြီးထံ အကူအညီတောင်းခံ၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မျက်နှာနှင့်မေးရိုး အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နုနုရီ ဦးဆောင်သောအဖွဲ့ကို ဖိတ်ခေါ်ခဲ့သည်။ အဆိုပါ အဖွဲ့က တောင်ကြီးသို့ လာရောက်ခွဲစိတ်ရ မည်ဆို၍ အင်အားတောင့်တင်းသောအဖွဲ့ ဖွဲ့စည်းပြီး ခွဲစိတ်ပစ္စည်းများ သယ်ဆောင်ကာ အရောက်လှမ်းခဲ့တော့သည်။ ခွဲစိတ်အထူးကု ဆရာဝန်သုံးဦး၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်မောင်ညွှန့် ဦးဆောင်သော မေ့ဆေးဆရာဝန်သုံးဦး၊ သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦး၊ ခွဲစိတ်ခန်းအကူဆရာမများအဖွဲ့က ခြောက်ဦး စုစုပေါင်း ၁၃ဦးဖွဲ့စည်း၍ လာရောက်ကူညီပါတော့သည်။ ယခုအဖွဲ့၏ အတွေ့အကြုံကား များလှပြီ။ မြန်မာပြည်အထက်ပိုင်း မြို့ကြီးများဖြစ်သော တောင်ကြီး၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနားမြို့ကြီးများသို့ နှစ်စဉ်နယ်ဆင်း၍ စုစုပေါင်း လူနာပေါင်း ၃၀၀၀ကျော် ခွဲစိတ်ပြီးခဲ့ကြပြီ။ နိုင်ငံခြားမှ လာသော ဆရာဝန်အဖွဲ့များပင် ဤအဖွဲ့လောက် အတွေ့အကြုံ မရှိလှပေ။ ဤအဖွဲ့နှင့်အတူ ပူးတွဲခွဲစိတ်ကြသောအခါ နိုင်ငံခြားသားများပင် အံ့သြသွားရသည်။ တောင်ကြီးမှာ လာခွဲရမည်ဆို၍ မတ်လ ၅ရက်နေ့တွင် စိတ်အားတက်ကြွစွာ ရောက်ရှိလာခဲ့ကြသည်။

ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ခရိုင်နှင့် မြို့နယ်များရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီများထံ အကူအညီတောင်း၍ ဝေဒနာရှင်များကို ရှာဖွေပို့လွှတ်စေသည်။ ကယားပြည်နယ်သို့ တိုင်းမှူး ကွင်းဆင်းစဉ်ကလည်း လူနာ၁၈ဦး ရှာဖွေစုဆောင်း၍ ပို့လွှတ်ခဲ့သည်။ ခွဲစိတ်ရန် လူနာစုစုပေါင်းမှာ ၁၂၁ဦး ဖြစ်လာသည်။ ယခုလူနာများထဲတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နယ်သို့သွားရောက်စဉ်က ခေါ်ဆောင်လာသည့် မီးလောင်၍ ခြေပူး၊ လက်ပူးဖြစ်နေသော ကလေးရှစ်ဦးလည်း အပါအဝင်ဖြစ်သည်။ မိန်းကလေးတစ်ဦးမှာ လေးနှစ်သမီးအရွယ်တွင် စကတ်မီးလောင်၍ ဒူးနှစ်ဖက်စလုံး ကပ်သွားပြီး လမ်းလျှောက်မရအောင် ဒုက္ခိတဘဝ ရောက်နေရာမှ အရိုးအကြောအဆစ် အထူးကုဆရာဝန်ကြီးက ခွဲစိတ်ပေးလိုက်၍ အားလုံးအဆင်ပြေသွားခဲ့သည်။

မန္တလေးမှ လာရောက်သော ခွဲစိတ်အဖွဲ့က မန္တလေးရှိ အလုပ်များကို ခဏထားခဲ့ပြီး အပြေးအလွှားလာခဲ့ရသည်မို့ ခွဲစိတ်ရက်သိပ်အချိန်မပေးနိုင်။ ထို့ကြောင့် အချိန်ပိုဆင်းပြီး ခွဲပေးခဲ့သည်။ ခွဲပေးရမည့်

ရှမ်းပြည်နယ် တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံသို့ ရောက်ရှိ လာသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် တစ်ဦးအား တွေ့ရစဉ်။

ကလေးက ၁၂၁ဦး၊ အချိန်က ၃ရက်ခွဲသာရသည်မို့ တစ်နေ့ကို လူနာ ၃၅ ဦးခန့်ခွဲမှ အလုပ်ပြီးနိုင်မည်။ နှုတ်ခမ်းကွဲလူနာအား ခွဲစိတ်လျှင် သိပ်မကြာလှ။ နာရီဝက်နှင့် တစ်နာရီကြားတွင် တစ်ယောက်ခွဲပြီးနိုင်သည်။ အာခေါင်ကွဲလူနာမှာ ခွဲရတာခက်ခဲသည်။ တစ်ယောက်ခွဲလျှင် နှစ်နာရီမှ သုံးနာရီကြား ကြာတတ်သည်။ သို့အတွက် အလုပ်ပြီးအောင် နံနက် ၇နာရီခွဲမှ ည၁၀နာရီထိ ဖွဲကောင်းကောင်းဖြင့် ခွဲကြသည်။ နေ့လယ်စာ ထမင်းကို မိနစ်၂၀လောက်သာ ခဏထွက်စားပြီး ပြန်ခွဲကြသည်။ ညစာထမင်းကိုတော့ ည၁၀နာရီ အလုပ်သိမ်းမှ စားခဲ့ကြသည်။ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီးနှင့် ဆေးရုံအုပ်ကြီးတို့သည်လည်း တစ်နေ့တာ ရည်မှန်းချက် ပြီးမြောက်စေရန် ဝင်ရောက်ကူညီ ခွဲစိတ်ကြသည်။ လုပ်အားဒါန ပြုခွင့်ရသည့်အတွက် ပျော်ရွှင်ကြည်နူးခဲ့ကြသည်။

မွေးစကလေးငယ်တစ်ယောက်ကား ကံထူးလှပေသည်။ ခြင်းလုံးအရွယ်ခန့် မွေးရာပါ မြင်းဖုကြီး မြီးညှောင်းရိုးနားမှာ ပါလာသည်။ ကလေးက ရှစ်ရက်သားသာ ရှိသေးသည်။ ဧည့်သည်ခွဲစိတ်အဖွဲ့တွင် ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးတစ်ဦးနှင့် ကလေးမေ့ဆေးအထူးကုဆရာဝန်ကြီးတစ်ဦးပါဝင်ရာ ဆရာဝန်ကြီးနှစ်ယောက်က တောင်ကြီးဆေးရုံမှာပင် ခက်ခက်ခဲခဲ ခွဲစိတ်ပေးလိုက်နိုင်သည်။ ကလေးမိဘများအတွက် ကုသိုလ်ထူးလှပေစွ။

ကလေးတစ်ယောက်မှာတော့ အရေပြားမီးလောင်၍ ခေါင်းမော့၍မရ၊ မေးစေ့နှင့် လည်ပင်းရှေ့အရေပြားတို့ ထိကပ်နေသည်။ ထိုကလေးကို သုံးနာရီတိတိ အရေပြားအစားထိုး၍ ခွဲစိတ်ပေးလိုက်နိုင်သည်။ ထိုကလေးကတော့ လူတောတိုး၍ရသွားပေပြီ။ လာရောက်ခွဲစိတ်ကြသော လူနာများကို ငွေကြေးကုန်ကျမှု မရှိစေရန် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အစအဆုံး တာဝန်ယူ ဆောင်ရွက်ပေးသည်။ စေတနာရှင်များကို ရှာဖွေကြသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသော ငွေကျပ်၁၀သိန်း အပါအဝင် တောင်ကြီးမြို့မှ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ ကုမ္ပဏီများနှင့် ဆေးရုံများမှ အလှူရှင် ၂၅ဦးတို့က စုစုပေါင်းအလှူငွေ ကျပ်သိန်း ၈၀ လှူဒါန်းကြသည်။ သို့ဖြစ်၍ အစစအရာရာ အဆင်ပြေသွားသည်။

လူနာနှင့် လူနာစောင့်များအတွက် ထမင်းဟင်းများကို ဆေးရုံကြီးစားဖိုဆောင်မှ ချက်ပြုတ်ကျွေးမွေးသည်။ လူနာတစ်ရာကျော်အတွက် နံနက်စာ၊ ညစာများကို အသားဟင်းဖြင့် အလျင်မီအောင် ချက်ရသည့်အလုပ်က မလွယ်လှသော်လည်း မီးဖိုထဲတွင် ချွေးတလုံးလုံးဖြင့် ဝိုင်းဝန်းချက်ပြုတ်ခဲ့ကြသည်။ ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ် ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဝင်များသည် နေ့စဉ်လာရောက်၍ လူနာများကို အားပေးသည်။ ဝေဒနာရှင် ၁၂၁ဦးအတွက် အဝတ်အစားနှင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ဖြင့် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ကို လာရောက်လှူဒါန်းကြသည်။ အချိုရည်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ မုန့်များနှင့် ရေခဲမုန့်များပါ လာရောက်ကျွေးမွေးခဲ့ကြသည်။

ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်တို့လည်း နေ့စဉ်လာရောက်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့ကြပါသည်။

ထိုဝေဒနာရှင်များကား ကုသိုလ်ထူးလှပေသည်။ **အချို့မှာ ငွေကြေးချို့တဲ့၍ မခွဲနိုင်ကြသူများပါသကဲ့သို့ အချို့မှာတော့ တောမှာနေပြီး ဗဟုသုတမရှိ၍ မည်ကဲ့သို့ ဆက်သွယ်ပြီး ခွဲရမှန်းမသိ၍ မခွဲကြရသေးသူများလည်း ရှိကြသည်။ ယခုတော့ သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့မှ ဆေးရုံသို့ စရိတ်ငြိမ်း လိုက်လံပို့ပေး၍ ခွဲစိတ်ခွင့်ရခဲ့ကြပြီ။**

သက်ဆိုင်ရာလူကြီးများက ဝေဒနာရှင်များကို လှည့်လည်အားပေးစောင့်ရှောက်စဉ် ကလေးမိဘတစ်ဦး၏ အရိုးခံပြောလိုက်သော စကားက အလွန်အမှတ်ရစရာ ကောင်းလှသည်။ တိုင်းရင်းသားဖြစ်၍ မြန်မာစကား မတတ်တတတ်ဖြင့် 'သိပ်ကျေးဇူးတင်တယ်နော့၊ ဘယ်လိုပြောရမှန်းမသိဘူး၊ ရင်ထဲမှာ နာနေတာပဲ'ဟု ပြော၏။ ဝမ်းသာလွန်း၍ ရင်ထဲမှာဆို့နစ်နေအောင် ခံစားနေရသည်ဟု ဆိုလိုခြင်းဖြစ်ပေမည်။ သူပြောတတ်သည့် ဗမာစကားဖြင့် ပြောလိုက်ပုံရသည်။

အခုလိုခွဲစိတ်မှုကြီးဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသူများကို ဝေဒနာရှင်များက မှန်ကိုကြည့်မိတိုင်း တစ်သက်လုံး ကျေးဇူးတင် ဝမ်းမြောက်နေကြမှာ အမှန်ပါပဲ။

တိုင်းမှူး၏ဇနီးက 'သမီး ဘာလို့ငိုနေတာလဲ 'ဟု ကလေးတစ်ဦးကို မေးကြည့်သောအခါ ကလေးအမေက 'နှုတ်ခမ်းနီပူဆာတာကို ဝယ်မပေးသေးလို့ ငိုနေတာ'ဟုဖြေသည်။ သူလည်း နှုတ်ခမ်းနီဆိုးနိုင်တဲ့ အခြေအနေ ရောက်လို့ သူ့အနှစ်နှစ် အလလက ဆိုးချင်နေသည့် နှုတ်ခမ်းနီကလေးကို ဆိုးခွင့်ရပေတော့မည်။ ချုပ်ရိုးမဖြေမီကပင် ကြိုတင်ပူဆာနေပေသည်။ မြင်ရသူအားလုံး စိတ်ချမ်းမြေ့စရာ ကောင်းလှပေသည်။ ရှစ်နှစ်အရွယ် ကလေးမကလေးကို 'သမီးဘယ်နှတန်းရောက်ပြီလဲ'ဟု မေးသောအခါ ကလေးအမေက 'နှုတ်ခမ်းကွဲကြောင့် ကျောင်းပို့လို့မရဘူး အခုဆေးရုံကဆင်းမှ ကျောင်းကို သွားတော့မယ်တဲ့' ကြားရသူအပေါင်း မျက်ရည်စို့အောင် ပီတိဖြစ်မိပေမည်။ ရှက်တတ်တဲ့သူ့ခမျာ အခုမှပဲ တခြားကလေးများနည်းတူ ခေါင်းမော့၍ ကျောင်းသွားခွင့်ရပေတော့မည်။ ခွဲစိတ်သည့်အဖွဲ့အား နှုတ်ဆက် ဂုဏ်ပြုညစာစားပွဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင်၏ ကျေးဇူးတင်စကား အဆုံးပိုဒ် ကလေးကို သတိပြု အမှတ်ထင်ထင် ရှိလှ၏။ **'အခုလိုခွဲစိတ်မှုကြီး ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသူများကို ဝေဒနာရှင်များက မှန်ကိုကြည့်မိတိုင်း တစ်သက်လုံး ကျေးဇူးတင်ဝမ်းမြောက်နေကြမှာ အမှန်ပါပဲ'** ဟူ၍ ထည့်သွင်း ပြောကြားခဲ့၍ပင်ဖြစ်သည်။ စီစဉ်ကူညီပေးသူများဘက်ကလည်း ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ခံစားနေရသော ကလေးများ၏ ဒုက္ခအပေါင်းကို ကယ်တင်လိုက်နိုင်၍ ကြည်နူးပီတိဖြစ်မိရင်း ရှမ်းတောင်မြေတွင် အပြုံးပန်းတွေ လှိုင်ဝေနေခဲ့တော့သည်။ ။

အချို့မှာ ငွေကြေးချို့တဲ့၍ မခွဲနိုင်ကြသူများပါသကဲ့သို့ အချို့မှာတော့ တောမှာနေပြီး ဗဟုသုတမရှိ၍ မည်ကဲ့သို့ဆက်သွယ်ပြီး ခွဲရမှန်းမသိ၍ မခွဲကြရသေးသူများလည်းရှိ။ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့မှ ဆေးရုံသို့ စရိတ်ငြိမ်းလိုက်လံပို့ပေး၍ ခွဲစိတ်ခွင့်ရခဲ့ကြ။

စမ်းချောင်းမြို့နယ် ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက် သာသနာ့အာဇာနည် သီလရှင်ငါးပါးအား ဂုဏ်ပြုပူဇော်

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်မှ ၂၀၀၅ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပသော အစိုးရနိကာယ်ဝိနယဝိဒူဘွဲ့ မြန်မာတစ်နိုင်ငံလုံးတွင် သီလရှင်(ပထမ)ဆုရ သီလရှင်မနီလာသီဂီနှင့် ဓမ္မာစရိယစာမေးပွဲတွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ရရှိသော သီလရှင်မသုနန္ဒာ၊ မဉာဏသီဂီ၊ မမာလာထေရီနှင့် မယုဇနသီဂီ သာသနာ့အာဇာနည် သီလရှင်ငါးပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီတွင် အဆိုပါကျောင်းတိုက်ကြီး၏ ဘုရားဆောင်၌ ကျင်းပသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်မာအေးနှင့် အလှူရှင် ဒေယ်ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဉက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အစိုးရ နိကာယ် စာမေးပွဲတွင် တစ်ပြည်လုံး သီလရှင်(ပထမ)မနီလာသီဂီနှင့် သာသနဓဇ ဓမ္မာစရိယဘွဲ့ရရှိကြသော မသုနန္ဒာ၊ မဉာဏသီဂီ၊ မမာလာထေရီ၊ မယုဇနသီဂီ ဂုဏ်ပြုခံ သီလရှင်ငါးပါးတို့၏ ဂုဏ်ပြုထောပနာ ဩဘာဂါထာကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဂုဏ်ပြုခံသီလရှင်များ၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားခြင်း၊ သာသနာ့အာဇာနည် သီလရှင်ငါးပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်အပ်သော ရတုပိုဒ်စုံနှင့် တေးထပ်များဖြင့် ရွတ်ဆိုပူဇော်ခြင်းများကိုဆောင်ရွက်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဂုဏ်ပြုခံသီလရှင်ငါးပါးတို့အား ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာ ဘိဝံသ က ဩဝါဒကထာ ချီးမြှင့်တော်မူပြီး ဒေယ်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ စိန္တာရာမကျောင်း ဆရာတော် ဘဒ္ဒန္တ ကောသလ္လထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဂုဏ်ပြုခံ သီလရှင်များအား အလှူရှင် အသီးသီးကလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယုန်လပြည့် တရားတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇွန် ၅

၁၃၆၈ခုနှစ် နယုန်လပြည့် (မဟာသမယအခါတော်နေ့) ဇွန် ၁၀ ရက် နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနရက္ခိတကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရ အမှူးပြုသော ဆရာတော်ငါးပါးတို့က **"ချမ်းသာငြိမ်းအေး အမြိုက်ဆေးတရားတော်"**နှင့် **"မဟာသမယသုတ် ပါဠိတော်များ"**ကို အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ဒေါ်ခင်ဝင်းအေးနှင့် ဓမ္မမိတ်ဆွေ အလှူရှင်များက အလှူတော်ငွေ ကျပ်၉၃၀၀၀၀ ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဗိုလ်မှူးချုပ်ခင်မောင်အေး(ငြိမ်း)ထံ မေ ၂၇ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့ဖလားနှင့် မီဒီယာကဏ္ဍ

အတိတ်က ၁၉၇၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မြန်မာမီဒီယာသမားတစ်ဦး၏ အတွေ့အကြုံအသိအမြင်

ရန်ကုန် ဇွန် ၅

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး ကျင်းပရန် ရက်ပိုင်းမျှသာလိုတော့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး၌ သတင်း၊ ဓာတ်ပုံရယူကြမည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မီဒီယာသမားများလည်း ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံသို့ တဖွဲဖွဲရောက်ရှိလာကြပြီဖြစ်သည်။

မီဒီယာ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ စတင် ကျင်းပခဲ့သည့် ၁၉၃၀ ပြည့်နှစ် ဉရုဂွေး ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ မီဒီယာ သမားများကို ဖိတ်ကြားကာ သတင်း မှတ်တမ်းများ ရယူစေခဲ့သည်။ ထိုသို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ သတင်း ဓာတ်ပုံမှတ်တမ်းများ ရယူနိုင်ရန် အတွက် မြန်မာနိုင်ငံမှ မီဒီယာသမား များကိုလည်း ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကျင်းပရေးကော်မတီက ဖိတ်ကြားခဲ့ရာ အားကစားကလောင်ရှင် မောင်ရဲဝင်း(ဦးထွန်းသာ)နှင့် မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဗိုလ်မှူးကြီး ဂွမ်ရှိန်တို့အား ရွေးချယ်စေလွှတ်ခဲ့သည်။

၁၉၇၄ ခုနှစ် ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ သတင်းမီဒီယာ သမားတစ်ဦးနှင့်မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကို ဖိတ်ကြားခဲ့ရာ၌ မောင်ရဲဝင်း(ဦးထွန်းသာ) မှာ ထိုစဉ်က လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၌ အားကစား ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်ပြီး ဗိုလ်မှူးကြီးဂွမ်ရှိန်မှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖြစ်သည်။

သွားရောက်

မြန်မာနိုင်ငံမှ မောင်ရဲဝင်းတို့နှင့် အတူ မလေးရှား စထရိတ်တိုင်းမ် သတင်းစာမှ တိုနီဖရန်စစ်၊ ထိုင်း တီဗွီမှ ဗိုလ်မှူးကြီးအတူး၊ဗန်ကောက်ပို့စ်မှ အထွန်ပလေးရားတို့လည်း ပါဝင်ခဲ့သည်။ ထိုစဉ်က အရှေ့ ဂျာမနီနှင့် အနောက်ဂျာမနီတို့ မပေါင်းစည်းကြသေးရာ အနောက် ဂျာမနီနိုင်ငံသို့ မြန်မာမီဒီယာသမား တစ်ဦးအနေဖြင့် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသို့ သတင်းရယူရန် သွားရောက် ခဲ့ခြင်းဖြစ်သည်။

မောင်ရဲဝင်း

ကမ္ဘာ့ဖလားပွဲနှင့် မှတ်ဖွယ် မှတ်ရာများ၊ သိကောင်းစရာများကို ဝါရင့်၊ သမ္ဘာရင့် ဘောလုံး ဆောင်းပါးရှင်၊ သတင်းစာဆရာ ကလောင်ရှင် မောင်ရဲဝင်းက စိတ်အားထက်သန်စွာဖြင့် မြန်မာ့အလင်းသို့ ဤသို့ ရှင်းပြသည်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

နှစ်သုတ်ခွဲထား

၁၉၇၄ ခုနှစ် ဇွန်လ၌ အနောက်ဂျာမနီနိုင်ငံ၌ ကျင်းပသော ဘောလုံးပြိုင်ပွဲသို့ **မှတ်ချက်။ ။(ထိုစဉ်က အရှေ့နှင့် အနောက်ဂျာမနီ ကွဲပြားနေခဲ့သည်။)**တက်ရောက်သတင်းယူရာတွင် နှစ်သုတ်ခွဲ၍ ဖိတ်ကြားခြင်းဖြစ်ရာ ပထမအသုတ်တွင် ကမ္ဘာ့မီဒီယာသမား ၁၀၀ ကျော်နှင့် ဒုတိယအသုတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အားကစားနှင့် အားကစားအဖွဲ့ချုပ်တို့မှ ပုဂ္ဂိုလ် ၁၀၀ ကျော်တို့ ပါဝင်သည်။ ပထမ မီဒီယာများအဖွဲ့အနေဖြင့် ပြိုင်ပွဲများ ကြည့်ရှုလေ့လာပြီး ဆွေးနွေးသုံးသပ်မှုများပြုလုပ်ကာ ပြန်ကြရန်စီစဉ်ထားသည်။

သို့သော် ကမ္ဘာ့နိုင်ငံအသီးသီးမှ မီဒီယာသမားများ ဘောလုံးပြိုင်ပွဲများကို ကြည့်ရှုသတင်းဓာတ်ပုံ မှတ်တမ်းယူခဲ့ကြပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ဘောလုံးပွဲစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးသုံးသပ်ရာတွင် မြန်မာနိုင်ငံမှ အားကစားဆောင်းပါးရှင် မောင်ရဲဝင်း အနေဖြင့် ကမ္ဘာ့နိုင်ငံများမှ မီဒီယာသမားများထက် ပြိုင်ပွဲများအပေါ် သုံးသပ်နိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်း၊ အကြံပြုနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာမှမီဒီယာသမားများ သတ်မှတ်ရက်တွင် မိမိနိုင်ငံသို့ ပြန်ခဲ့ကြရသော်လည်း မောင်ရဲဝင်းမှာ အနောက်ဂျာမနီ၌ ဆက်လက်နေထိုင်ခွင့်ရကာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးပြီးဆုံးမှ ပြန်ခဲ့ရသည့် တစ်ဦးတည်းသော မီဒီယာသမားလည်းဖြစ်ခဲ့သည်။

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

အိမ်ရှင်အနောက်ဂျာမနီ

ထိုစဉ်က ၁၉၇၄ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ထက်ဝက်ကျိုးချိန်၌ အိမ်ရှင်အနောက်ဂျာမနီတို့ဗိုလ်စွဲမည်ဟု မောင်ရဲဝင်းက အတိအလင်းထင်မြင်ချက်ပေးခဲ့ရာ အနောက်ဂျာမနီမီဒီယာများကလည်း ဖော်ပြခဲ့ကြသည်။ ထိုသို့သုံးသပ်ခဲ့သည့်အတိုင်းလည်း နောက်ဆုံး ဗိုလ်လုပွဲ၌ အိမ်ရှင်အနောက်ဂျာမနီနှင့် ဟော်လန်(နယ်သာလန်) အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အိမ်ရှင်တို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ဗိုလ်စွဲခဲ့သည်။

၁၆သင်းတက်ရောက်

ထိုနှစ်ကမ္ဘာ့ဖလားပွဲ၌ ၉၂နိုင်ငံမှ ခြေစစ်ပွဲဝင်ခဲ့ပြီး ခြေစစ်ပွဲပေါင်း ၂၀၀ကျော်ကစားခဲ့ရသည်။ နောက်ဆုံး ဗိုလ်လုပွဲစဉ်များသို့ ခြေစစ်ပွဲအောင် ၁၆သင်း တက်ရောက်ကာ အုပ်စုနှစ်ဆင့်ကစားစေခြင်းဖြစ်သည်။ အုပ်စုဗိုလ်နှစ်သင်းက ဗိုလ်လုကာ အုပ်စုဒုတိယနေရာမှနှစ်သင်းက တတိယ နေရာအတွက် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။

ထိုနှစ်ကမ္ဘာ့ဖလားပွဲ၌ တတိယ နေရာအတွက် ပိုလန်နှင့်ဘရာဇီးတို့ ယှဉ်ပြိုင်ရာ ပိုလန်က တစ်ဂိုး-ဂိုးမရှိ ဖြင့်နိုင်ပြီး တတိယရရှိခဲ့သည်။

မြန်မာမီဒီယာသမားတစ်ဦးအနေဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ တက်ရောက်သတင်းယူဖူးသူမှာ မောင်ရဲဝင်းတစ်ဦးသာရှိပြီး ထိုစဉ်ကအတွေ့အကြုံနှင့်ပတ်သက်၍ "ဘောလုံးပွဲစဉ်တွေကြည့်ရှုပြီးတဲ့အချိန် ကမ္ဘာ့နိုင်ငံအသီးသီးက မီဒီယာသမားတွေ ဆွေးနွေးပွဲလုပ်တဲ့အခါ မြန်မာနိုင်ငံမှ မီဒီယာသမားတစ်ဦးအနေနဲ့ အားလုံး ထက်ပိုပြီး စေ့စေ့စပ်စပ် ဆွေးနွေးသုံးသပ်နိုင်ခဲ့လို့ သူများတွေ ပြန်ရတဲ့အခါ မိမိမပြန်ရဘဲ ဘောလုံးပွဲတွေဆက်ပြီး ကြည့်ရှုလေ့လာခွင့်ရတာဟာ ကျေနပ်စရာပါ"ဟု အသက်၆၉ နှစ်အရွယ်ရှိနေပြီဖြစ်သော ဦးထွန်းသာ(မောင်ရဲဝင်း)က မြန်မာ့အလင်းသို့ ပြောကြားသည်။

ခွင့်ပြု

ထို့ပြင် "အနောက်ဂျာမနီအသင်း ဗိုလ်စွဲမည်ဟု ပြိုင်ပွဲတစ်ဝက်လောက်မှာ ကြိုတင်ခန့်မှန်းခဲ့တာလည်း မှန်ခဲ့ပါတယ်။ အနောက်ဂျာမနီအသင်း အနေအထား၊ ပြိုင်ဘက်အသင်းများ၏ အနေအထားကို အသေးစိတ်ဆွေးနွေးပြီး သုံးသပ်ခဲ့တာကို အနောက်ဂျာမနီမှာထုတ်ဝေတဲ့ ဂျာနယ်တွေမှာ၊ မှတ်မိသလောက် အိုလံပစ်ဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။ ဒီလိုသုံးသပ်တာမှန်ခဲ့လို့လည်း အနောက်ဂျာမနီ ကိုလုံးမြို့မှာရှိတဲ့ အားကစားတက္ကသိုလ်ကို သွားရောက် လေ့လာခွင့်ရခဲ့ပါတယ်" ဟုလည်း မောင်ရဲဝင်းကရှင်းပြသည်။

ထိုစဉ်က သတင်းရယူမှုနှင့်ပတ်သက်၍ မောင်ရဲဝင်းက "အနောက်ဂျာမနီမှာရှိတဲ့ စတုဂတ်၊ ဟမ်းဘတ်၊ မြူးနစ်၊ ဟန်နိုဗာ၊ ဂမ်းရှန်ဂါဆန်စတဲ့ မြို့ကြီးတွေမှာ ဘောလုံးပွဲတွေကျင်းပတာဆိုတော့ တချို့မြို့တွေကို မီးရထားနဲ့သွားရတယ်။ တချို့မြို့တွေကို လေယာဉ်နဲ့သွားရတယ်။ ပွဲတွေကြည့်တယ်၊ သတင်းယူတယ်၊ ဓာတ်ပုံရိုက်တယ်၊ အပင်ပန်းတော့ခံရတယ်" ဟုမြန်မာ့အလင်းသို့ပြောကြားသည်။

၁၉၇၄ခုနှစ်ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ၌ စုစုပေါင်း ၁၆သင်း ယှဉ်ပြိုင် ကစားရာတွင် အိမ်ရှင်အနောက် ဂျာမနီနှင့် လက်ရှိ ကမ္ဘာ့ဖလား ချန်ပီယံ ဘရာဇီးတို့ခြေစစ်ပွဲ အလိုအလျောက် အောင်မြင်ခဲ့ကြပြီး ကျန် ၁၄ သင်းမှာ ခြေစစ်ပွဲအောင်မြင်ခဲ့၍ နောက်ဆုံး ကမ္ဘာ့ဖလားပွဲသို့ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်ဟုလည်း အားကစားဆောင်းပါးရှင်မောင်ရဲဝင်းက ရှင်းပြသည်။

ခန့်မှန်းပြောကြား

မကြာမီကျင်းပတော့မည့် ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ပတ်သက်၍ "ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ တကယ်တမ်း ခြေစွမ်းထက်မှ နိုင်မှာ ဖြစ်ပါတယ်။ သာမန်ခြေစွမ်းနဲ့ ဗိုလ်မစွဲနိုင်ပါဘူး၊ ဘောလုံးနည်းပညာ၊ ကြံ့ခိုင်တောင့်တင်းမှု၊ အသိုင်းအဝိုင်းဆိုတဲ့ ဘောလုံးသမားကောင်းတွေ၊ နည်းစနစ်တွေစတဲ့ အရာတွေ ပြည့်စုံမှ အောင်မြင်နိုင်မှာပါ၊ ဒီနှစ် ခြေစစ်ပွဲတွေကိုကြည့်ခြင်းအရ ဗိုလ်စွဲနိုင်တာကတော့ လက်ရှိချန်ပီယံ ဘရာဇီးနဲ့ အိမ်ရှင်ဂျာမနီတို့ပါပဲ၊ ဒုတိယဗိုလ်စွဲနိုင်တာကတော့အီတလီနဲ့ စပိန်ပါ"ဟု မောင်ရဲဝင်းက မြန်မာ့အလင်းသို့ ခန့်မှန်းချက်ပေးသည်။

တိုးတက်လာ

အတိတ်က မီဒီယာနှင့် မျက်မှောက်ခေတ်မီဒီယာနှင့် ပတ်သက်၍ မောင်ရဲဝင်းက "အရင်ကတော့ကမ္ဘာ့ဖလားဘောလုံးပွဲတွေဆို တိုးကြောင်လေးမှာ သွားကြည့်ရတာ၊ အဲဒီလို သွားကြည့်ပြီး ရေးသားခဲ့ရတာ၊ အခုတော့ ဂြိုဟ်တုစလောင်းတွေနဲ့ ရုပ်သံဖမ်းစက်တွေ ရှိနေပြီဆိုတော့ ပိုပြီး အဆင်ပြေနေကြပါပြီ၊ မီဒီယာအနေနဲ့ အများကြီး လျင်မြန်တိုးတက်လာနေပါပြီ"ဟု ရှင်းပြသည်။

မြန်မာ့အားကစားလောက၌ ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များကို ကိုယ်တိုင် သတင်းသွားယူခဲ့ဖူးသော တစ်ဦးတည်းသောမြန်မာအားကစား သတင်းစာဆရာတစ်ဦး၏ အတွေ့အကြုံများကို ကမ္ဘာ့ဖလားနှင့် မီဒီယာ ကဏ္ဍအနေဖြင့် တွေ့ဆုံမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလား လက်ရှိချန်ပီယံဘရာဇီး အုပ်စု(စ)၌ ခရိုအေးရှားနှင့်အတူ နောက်တစ်ဆင့်တက်မည်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဘရာဇီး နည်းပြ

ခြောက်ကြိမ်မြောက် ကမ္ဘာ့ဖလား ချန်ပီယံအဖြစ် ရောက်ရှိအောင် ဆောင်ရွက်ပေးမည့် ဘရာဇီးအသင်း နည်းပြ ပါရဲရား။ (ဓာတ်ပုံ-အင်တာနက်)

ဘာလင် ဇွန် ၅

ကမ္ဘာ့ဖလားအုပ်စု(စ)၌ ကမ္ဘာကျော်ဘရာဇီးတို့ အုပ်စုဗိုလ်ဖြစ်မည်မှာသေချာနေသည်။ ဘရာဇီးမပါသည့် ကမ္ဘာ့ဖလားပွဲသည် ရသမမြောက် သလိုဖြစ်နေရာ ရသစုံ ပေးနိုင်သောဘရာဇီးတို့ခြေစွမ်းမှာ အကောင်းဆုံး အနေအထား၌ရှိနေသည်။ အုပ်စု(စ)၌ ခရိုအေးရှား၊ ဩစတြေးလျနှင့်ဂျပန်တို့ ဘရာဇီး နှင့်တစ်အုပ်စုတည်းကျလျက်ရှိရာ အုပ်စုအသင်းများအရ ဘရာဇီးတို့ ကျန်ပြိုင်ဘက်အသင်းများကို အလွယ်တကူ ဖြတ်ကျော်နိုင်မည်ဖြစ်သည်။

ချန်ပီယံငါးကြိမ်

ဘရာဇီးတို့ ယခုနှစ်ကမ္ဘာ့ဖလား ခြေစစ်ပွဲ၌နှစ်ပွဲသာရှုံးခဲ့ပြီး ကျန်ပွဲစဉ်များ အနိုင်ရရှိခဲ့ကာ တောင်အမေရိကဇုန်၌ အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်လာခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားသမိုင်း၌ ၁၉၅၈၊၁၉၆၂၊ ၁၉၇၀၊ ၁၉၉၄ ခုနှစ် နှင့် ၂၀၀၂ခုနှစ်များ၌ ချန်ပီယံဖြစ်ခဲ့ရာ ကမ္ဘာ့ဖလား သမိုင်းတွင် တစ်သင်းတည်းသော ချန်ပီယံဆုငါးကြိမ်ရအသင်းလည်း ဖြစ်သည်။

သည်ဖြစ်ရာ နည်းပြ ကားလို့စ်အယ်လ်ဘာတို ပါရဲရား၏ ဗျူဟာအသစ်များဖြင့် ဘရာဇီးတို့အုပ်စုမှ နောက်ဆုံးဗိုလ်လုပွဲအထိ တောက်လျှောက်ချီတက်နိုင်မည့် အခြေအနေရှိသည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ရော်နယ်ဒင်ဟိုကလည်း ကျွမ်းကျင်ထက်မြက်သည့် ဘောလုံးကစားမှုများနှင့် ဘရာဇီးအသင်းကို ခြောက်ကြိမ်မြောက် ချန်ပီယံဖလား ကိုင်မြောက်ခွင့်ရရန် အဓိကမောင်းနှင်ပေးသွားမည်ဖြစ်သည်။

သို့သော် ဘရာဇီးတို့အုပ်စု(စ)၌ အလေးထားပြီး ယှဉ်ပြိုင်ရမည့်အသင်းမှာ ခရိုအေးရှားအသင်းပင်ဖြစ်သည်။ ခရိုအေးရှားအသင်းမှာ ၁၉၉၈ခုနှစ်၌ တတိယရရှိခဲ့ဖူးသော အသင်းဖြစ်ပြီး ကမ္ဘာ့ဖလားပွဲစဉ်များ၌ နာမည်ကြီးခဲ့သော အသင်းလည်းဖြစ်သည်။ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ နာမည်ကြီး နယ်သာလန်အသင်းကို အနိုင်ယူခဲ့သည့်ခြေစွမ်းမှာ အံ့ဖွယ်ရာပင်ဖြစ်သည်။

ဘရာဇီးလက်ရွေးစင် ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

များကို ခြိမ်းခြောက်နိုင်သော်လည်း ဘရာဇီးကဲ့သို့ အဘက်ဘက်မှ ပြည့်စုံနေသော အသင်းကို ကျော်လွှားရန် မလွယ်ကူပါချေ။ ခရိုအေးရှားအသင်း၌ အဓိကစွမ်းဆောင်ရှင်မှာ တိုက်စစ်မှူး ဒါဒိုပါဆိုဖြစ်ပြီး ခရိုအေးရှားကို ကမ္ဘာ့ဘောလုံးစင်မြင့်ပေါ်သို့ တင်ပေးနေသူလည်း ဖြစ်သည်။ ကြံ့ခိုင်မှုနှင့် လျင်မြန်မှု၊ ဂိုးသွင်းကောင်းမှုနှင့် အဆုံးသတ်သေချာမှုများက ခရိုအေးရှားအသင်းကို ကမ္ဘာ့ဖလားပွဲ၌ အဆင့်တစ်ခုအထိ ရောက်အောင် ပို့ဆောင်ပေးနိုင်မည့်သူပင်ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်းကို ချန်ပီယံဖလား ဆက်လက်ကိုင်မြှောက်ခွင့်ရရန် စွမ်းဆောင်ပေးမည့် အဓိက ကစားသမား ရော်နယ်ဒင်ဟို၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ဒါဒိုပါဆို

ခရိုအေးရှားအသင်းမှ အားထားရသော တိုက်စစ်မှူး ဒါဒိုပါဆို။ (ဓာတ်ပုံ-အင်တာနက်)

ပြန်လည်ဖွဲ့စည်း

ခရိုအေးရှားအသင်း နည်းပြ ဇလတ်ကိုကရန်ဂျ်ကာက ခရိုအေးရှားကို ထက်မြက်သည့် မျိုးဆက်သစ်များဖြင့် ပြန်လည်ဖွဲ့စည်းထားရာ ဥရောပဇုန်အုပ်စု(၈)တွင် ပထမရပြီး ခြေစစ်ပွဲအောင်လာသည့်ရလဒ်က ခရိုအေးရှားတို့၏ ခြေစွမ်းကို ဖော်ပြနေသည်။

ရဲရင့်ထက်မြက်သည့် ခရိုအေးရှားတို့ ကစားဟန်က ပြိုင်ဘက်အသင်း

သို့သော် ခရိုအေးရှားအသင်း အုပ်စု ဒုတိယနေရာကို ဩစတြေးလျနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် အနေအထားရှိနေသည်။ အုပ်စု(စ)၌ ဩစတြေးလျတို့ သမုဒ္ဒရာပိုင်းဇုန်၌ ဥရုဂွေးနှင့် ရှုံးထွက်ပွဲကစားပြီး ခြေစစ်ပွဲအောင်လာခဲ့သော်လည်း ပြိုင်ဘက်အသင်းကို ခြေရည်တူကစားနိုင်သည့် အသင်းပင်ဖြစ်သည်။

ဩစတြေးလျအသင်း နည်းပြ ဟစ်ဒင့်က ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်များ ကစားနိုင်ရန် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး အုပ်စုအဆင့်မှ တက်ရန် နည်းဗျူဟာအခင်းအကျင်း အသစ်များနှင့် စနစ်တကျ တည်ဆောက်ထားပြီးဖြစ်သည်။ ဟော်လန်နည်းပြ ဟစ်ဒင့်က ဩစတြေးလျအသင်း၌ ဗီဒူကာ၊ ကီးဝဲလ်၊ အီမာတန်၊ တင်ကာ ဟေးလ်တို့ကဲ့သို့ ခြေအဆင့် အတန်းမြင့်သည့် ကစားသမား၊ ဂိုးဖမ်းယူမှု သေချာသူများကိုလည်း ဂရုတစိုက် ဖြည့်ဆည်းထားသည်။

ယုံကြည်

တောင်ကိုရီးယားအသင်းကို ပြီးခဲ့သည့် ကမ္ဘာ့ဖလား၌ အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သလို နည်းပြ ဟစ်ဒင့် အနေဖြင့် ဩစတြေးလျအသင်းအား ယခုကမ္ဘာ့ဖလား၌ အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးမည်ဟု ဩစတြေးလျတို့ ယုံကြည်နေကြသည်။

ဩစတြေးလျတို့ ကမ္ဘာ့ဖလား သမိုင်း၌ တူတူတန်တန် အောင်မြင်မှု မရခဲ့သည်ဖြစ်ရာ ဘရာဇီးနှင့် ခရိုအေးရှားအသင်းတို့ကို မည်သို့မျှ ဖြတ်ကျော်နိုင်မည့် အခြေအနေမရှိချေ။

ဒုက္ခပေးနိုင်

ဩစတြေးလျတိုက်စစ်မှူး မာကို ဘရက်စီယာနိုက ကွင်းလယ်တိုက်စစ်မှ ဂိုးရရှိအောင် ဖန်တီးနိုင်သော်လည်း ဩစတြေးလျတို့အုပ်စုမှ တက်ရန် အခွင့်အရေး နည်းပါးလျက်ရှိသည်။ သို့သော် အုပ်စု(စ)၌ ဩစတြေးလျတို့ ဖျက်မြင်းသဘောမျိုးဖြစ်ပြီး ပြိုင်ဘက်အသင်းများကိုဒုက္ခပေးနိုင်သည့်အသင်း ဖြစ်သည်။

အခွင့်အရေးနည်း

အုပ်စု(စ)၌ အာရှထိပ်သီး ဂျပန်တို့ ဘရာဇီးနှင့် တစ်အုပ်စုတည်း ကျနေသည်မှာ ကံမကောင်းသည့် အချက်ပင်ဖြစ်သည်။ အာရှဇုန်၌ ခြေစစ်ပွဲအုပ်စု(၁)တွင် အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်လာသော အသင်းဖြစ်သော်လည်း ဘရာဇီး၊ ခရိုအေးရှားတို့ကို အနိုင်ရရန်ခက်ခဲသည့် အနေအထားဖြစ်နေသည်။ ဂျပန်အသင်း နည်းပြ ဘရာဇီးနိုင်ငံသား ဇစ်ကိုက ဂျပန်အသင်း ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဟု ဆိုနေသော်လည်း လက်ရှိအနေအထားအရ အုပ်စုမှတက်ရန် အခွင့်အရေးနည်းပါးလှသည်။

လိုအပ်ချက်ရှိ

အာရှအဆင့်ပြိုင်ပွဲများ၌ ပွဲတိုင်းဗိုလ်စွဲနိုင်ခဲ့သော်လည်း ကမ္ဘာ့အဆင့်၌ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား၌အုပ်စုဒုတိယအဆင့်အထိ ရောက်ခဲ့သည့် မှတ်တမ်းသာရှိနေသည်။ ဂျပန်အသင်း၌ တိုက်စစ်မှူး ယာနာဂီဆာဝါကဲ့သို့ တိုက်စစ်မှူးကောင်းများရှိသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အဆင့်မြင့်မြင့်အောင်မြင်မှုရရှိရန် လိုအပ်ချက်များ ရှိနေဆဲပင်ဖြစ်ကာ ဂျပန်တို့အုပ်စုအဆင့်မှ လှည့်ပြန်ရမည့် အနေအထားရှိသည်။

တစ်ဦးချင်းစွမ်းရည်၊ ကြံ့ခိုင်မှု၊ အဆင့်လိုက် စုစည်းမှု၊ နည်းစနစ် စသည်တို့၌ဘရာဇီး၊ခရိုအေးရှားတို့နှင့် ဂျပန်တို့မယှဉ်နိုင်သည်ဖြစ်ရာ အုပ်စု(စ)၌ ဘရာဇီးနှင့် ခရိုအေးရှားတို့သာ နောက်တစ်ဆင့် တက်နိုင်မည့် အသင်းများအဖြစ် အလေးသာ ရေပန်းစားလျက်ရှိပေသည်။ ။ **(အင်တာနက်)**

ခရိုအေးရှား နည်းပြ

အောင်မြင်မှုများ ရရှိအောင် ဆောင်ကြဉ်းပေးမည့် ခရိုအေးရှားအသင်း နည်းပြ ဇလတ်ကိုကရန်ဂျ်ကာ။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကျော် ဘောလုံးသမားအများစုပါဝင်သော ဘရာဇီးအသင်း၌ တိုက်စစ်အထိ ပံ့ပိုးပေးနိုင်သော ကားလို့စ်နှင့် ကာဖူးကဲ့သို့ နောက်တန်းခံစစ်မှူးများ၊ ကွင်းလယ်ကစားကွက်ကို ဦးဆောင်မည့် ရော်နယ်ဒင်ဟိုနှင့် ကာကာ၊ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးများဖြစ်သည့် ရော်နယ်ဒို၊ အက်ဒရီယာနိုနှင့် ရော်ဘင်ဟိုတို့ကဲ့သို့ အဆင့်မြင့်ဘောလုံးသမားများက ဘရာဇီးတို့၏ ချန်ပီယံဆုကို ထပ်မံကာကွယ်ပေးကြမည်ဖြစ်သည်။

ဗျူဟာအသစ်

ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများ အလျှံပယ် ပေါများနေသော ဘရာဇီးတို့ကို ခြေရည်တူကစားနိုင်မည့်အသင်းမှာ အုပ်စု(စ)၌ မရှိနိုင်

ခရိုအေးရှားလက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက်မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည် –

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဍာန်
ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)။

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉–၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၀၃၄၄၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၁၆

ကမ္ဘာ့ဖလားဖိုလ်စွဲရန် ရေပန်းစားနေသော လက်ရှိချန်ပီယံဘရာဇီး

ဘရာဇီး ဇွန် ၅

ဘရာဇီးဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဖိုလ်စွဲရန် ရေပန်းစားနေသည်။ ဘရာဇီးတို့ ကမ္ဘာ့ဖလားကို ရာစုနှစ်တစ်ဝက် လွှမ်းမိုးထားနိုင်ခဲ့သည်။ ဘရာဇီးအသင်းသည် ယင်းကဲ့သို့ ကမ္ဘာ့ဖလားတွင်အောင်နိုင်ခဲ့မှုများကြောင့် ကမ္ဘာ့ဘောလုံးအသင်းဟု ခေါ်ရလောက်အောင် နာမည်ကျော်ကြားလာခဲ့သည်။

ဘရာဇီးဘောလုံးအသင်းသည် ကမ္ဘာ့ဖလားကို ငါးကြိမ်တိုင် ဆွတ်ခူးထားခဲ့ပြီး ကမ္ဘာ့ဖလားသမိုင်းတွင် မည်သည့်အသင်းမျှ ယင်းကဲ့သို့ အောင်မြင်မှုများ မရရှိခဲ့သေးပေ။

ကမ္ဘာကျော်တို့ စုဝေးရာ

ယင်းတို့သည် ကမ္ဘာတွင်အကောင်းဆုံး ဘောလုံးသမားများဖြင့် ကြွားဝါဝင့်ထည်နေသည့် အသင်းလည်းဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ ရော်နယ်ဒင်ဟို၊ ကာကာ၊ ရော်နယ်ဒိုအစရှိသော ကမ္ဘာကျော်တို့ စုဝေးရာအသင်းလည်းဖြစ်သည်။ ယင်းတို့သည် ကမ္ဘာ့နံပါတ်တစ် ဘောလုံးသမားများ မွေးထုတ်ပေးရာ အသင်းလည်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဘရာဇီး ဘောလုံးသမားများသည် ကမ္ဘာပေါ်ရှိ ဥရောပကလပ်အသင်းကြီးများတွင် ပါဝင်ကစားလျက်ရှိသည်။ ဥပမာ–ကမ္ဘာ့အကောင်းဆုံး ရော်နယ်ဒင်ဟိုသည် ဘာစီလိုနာအသင်းတွင်လည်းကောင်း၊ ရော်နယ်ဒိုသည် စပိန်မှ ရီးရဲမက်ဒရစ်အသင်းတွင်လည်းကောင်း ကစားလျက်ရှိပြီး အောင်မြင်နေသော ကစားသမားများ ဖြစ်နေသည်။

အားလုံးသော ဘရာဇီး ဘောလုံးသမားများသည် ဘောလုံးပညာကျွမ်းကျင်မှု၊ နည်းစနစ်ကောင်းမွန်မှုများကြောင့် ကမ္ဘာတွင် ကျော်ကြားမှုဂုဏ်ကို ဆောင်ကြဉ်းနိုင်လျက်ရှိသည်။

သို့ရာတွင် ကမ္ဘာ့ဖလားဘောလုံးပရိသတ်က ဘရာဇီးအသင်း လက်ရှိချန်ပီယံအဖြစ် ဆက်လက် ထိန်းထားနိုင်ပါမလားဆိုသည့် အဖြေကို စိတ်ဝင်တစားရှိနေကြသည်။

ခြောက်ကြိမ်တိုင် ဖိုလ်စွဲရေး

ဘရာဇီးနိုင်ငံ တစ်နိုင်ငံလုံးကလည်း ဘရာဇီးအသင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြောက်ကြိမ်တိုင် ဖိုလ်စွဲရေးအတွက် ပြည်သူများကလှုံ့ဆော်အားပေးနေကြသည်။

သို့ရာတွင် ဘရာဇီးအသင်း၏ လေ့လာရေးသမားတစ်ဦးက ဘရာဇီးဘောလုံးအသင်းသည် ယခုနှစ်တွင် ဖိုလ်စွဲနိုင်လိမ့်မည် မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရီကာဒိုတေစီယာရာကြောင့်ဖြစ်သည်။ ၎င်းသည် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ၏ နေရာကို ခြိမ်းခြောက်နေသည်။

ဘရာဇီးအသင်း အနိုင်ရခဲ့လျှင် ကမ္ဘာ့ဖလားအုပ်ချုပ်မှုအဖွဲ့တွင် တေစီယာရာ၏ အခန်းကဏ္ဍ ကျယ်ပြန့်လာမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့မှ ရီယိုဒီဂျနေးရိုးမြို့အထိ ဘရာဇီးမြို့ကြီးများ၌ ခြောက်ကြိမ်မြောက် ကမ္ဘာ့ဖလားအောင်နိုင်ရေးဆီသို့ အရောက်သွားမည်ဟူသော စာတန်းကြီး လမ်းတစ်လျှောက် ချိတ်ဆွဲထားသည်။

ဘရာဇီးဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ၄–၂–၄ ကစားကွက်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံးတိုက်စစ်

အက်ဒရီယာနို၊ ရော်နယ်ဒို၊ ကာကာ၊ ရော်နယ်ဒင်ဟိုတို့ အတွဲသည် အကောင်းဆုံး တိုက်စစ်ကို ဖန်တီးနိုင်ကြလိမ့်မည်ဖြစ်ကြောင်း နည်းပြကားလို့စ် အယ်လ်ဘာတို ပါရဲရားက ပြောကြားထားသည်။

ဆွစ်ဇာလန်၌ ဘရာဇီးဘောလုံးသမားများ ဤသို့ လေ့ကျင့်ခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

ဘရာဇီးအသင်းတွင် ဂိုးသမား ဒီဒါ၊ ဝဲနောက်တန်း ရော်ဘတ်တိုကားလို့စ်နှင့် ယာနောက်တန်း ကာဖူးတို့သည်လည်း ဘရာဇီးအသင်းအတွက် အကောင်းဆုံး တံတိုင်းများ ဖြစ်လိမ့်မည်ဟု ၎င်းက ဆိုသည်။

ဘရာဇီးအသင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ

မြို့တော် – ဘရာဆီးလီးယား
လူဦးရေ – ၁၈၂သန်း
ကမ္ဘာ့အဆင့်သတ်မှတ်ချက်– အဆင့်(တစ်)

ကမ္ဘာ့ဖလားအောင်မြင်မှုမှတ်တမ်း

၁၉၃၀ပြည့်နှစ် ပထမဆင့်၊ ၁၉၃၄ ပထမဆင့်၊ ၁၉၃၈အကြိုဗိုလ်လုပွဲ၊ ၁၉၅၀ ဒုတိယ၊ ၁၉၅၄ ကွာတားဖိုင်နယ်၊ ၁၉၅၈ ဖိုလ်စွဲ၊ ၁၉၆၂ ဖိုလ်စွဲ၊ ၁၉၆၆ ပထမဆင့်၊ ၁၉၇၀ ဖိုလ်စွဲ၊ ၁၉၇၄ အကြိုဗိုလ်လုပွဲ၊ ၁၉၇၈ အကြိုဗိုလ်လုပွဲ၊ ၁၉၈၂ ဒုတိယဆင့်၊ ၁၉၈၆ ကွာတားဖိုင်နယ်၊ ၁၉၉၀ ဒုတိယဆင့်၊ ၁၉၉၄ ဖိုလ်စွဲ၊ ၁၉၉၈ ဒုတိယ၊ ၂၀၀၂ ဖိုလ်စွဲ။

ဂျာမနီကမ္ဘာ့ဖလားပွဲ၌ ဘရာဇီးအသင်းနှင့်ကစားမည့်အသင်းများ

ဇွန် ၁၃ ဘရာဇီး နှင့် ခရိုအေးရှား
ဇွန် ၁၈ ဘရာဇီး နှင့် သြစတြေးလျ
ဇွန် ၂၂ ဘရာဇီး နှင့် ဂျပန်

ဘရာဇီးဘောလုံးအသင်း

ဂိုး–ဒီဒါ(အေစီမီလန်)၊ ရိုဂျာရီယိုစီနီ (ဆော်ပေါလို)၊ ဂျူလီယိုဆီဇာ (အင်တာမီလန်)၊ **နောက်တန်း**–ကာဖူး (အေစီမီလန်)၊ စီစင်ဟို (ရီးရဲမက်ဒရစ်)၊ ရော်ဘတ်တိုကားလို့စ် (ရီးရဲမက်ဒရစ်)၊ ဂျီဘာတို (ဟာသာဘာလင်)၊ ဂျူအန်(ဘေယန်လီဗာကူဆင်)၊ ခရစ် (လီယွန်)၊ လူစီယို (ဘေယန်မြူးနစ်)၊ လူဆော(ဘင်ဖီကာ)၊ **အလယ်တန်း**– မင်နီယိုး(ဆော်ပေါလို)၊ ဂျီဗာတိုဆီလ်ဗား (အာဆင်နယ်)၊ ဂျူနင်ဟိုပါနန်ဘူကာနို (လီယွန်)၊ ဇီရောဘတ်တို (ဘေယန်မြူးနစ်)၊ ကာကာ (အေစီမီလန်)၊ ရီကာဒင်ဟို (ကိုရင်သီယန်)၊ ရော်နယ်ဒင်ဟို (ဘာစီလိုနာ)၊ **ရှေ့တန်း**–ရော်နယ်ဒို (ရီးရဲမက်ဒရစ်)၊ အက်ဒရီယာနို(အင်တာမီလန်)၊ ဖရက်ဒ် (လီယွန်)၊ ရော်ဘင်ဟို (ရီးရဲမက်ဒရစ်)တို့ဖြစ်သည်။

(စထရိတ်တိုင်းစ်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လေးမျက်နှာအသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၅

လေးမျက်နှာမြို့နယ် အသင်း၏ ဩဝါဒါစရိယ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အားအမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ယင်းကျောင်း၌ ဇွန်၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးဘထွေး ဖုန်း-၆၉၉၀၀၃၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃၊ ဦးငွေကြူ ဖုန်း-၆၈၀၇၃၉၊ ဦးခင်ချို ဖုန်း-၆၆၃၉၁၁၊ အတွင်းရေးမှူးဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆ နှင့် ဦးအောင်သူ ဖုန်း-၆၈၁၄၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘိန်းဖြူများဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၅

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသည် ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ရှုမြင်ပြီး အစွမ်းကုန်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် အောင်မြင်မှုများလည်းရရှိခဲ့သည်။ နိုင်ငံတကာနှင့်ဆက်စပ်နေသော မူးယစ်ဆေးဝါးဂိုဏ်းကြီးကိုပင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ နိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို အခြေခံပြီး ပြင်ပမှအကူအညီ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်သာဖြစ်သည်။

ဖမ်းဆီးရမိ

ထိုသို့ကြိုးပမ်းလျက်ရှိရာ မေ၂၂ရက်နံနက်၈နာရီ၂၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗန်ကောက်မြို့သို့ထွက်ခွာမည့် ခရီးသည်တစ်ဦးထံမှ ဘိန်းဖြူများကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်ပွားပုံမှာ ထိုင်းလေကြောင်းခရီးစဉ်အမှတ်(TG-304)ဖြင့်လိုက်ပါမည့် တရုတ်(တိုင်ပေ)မှ Kuo Mei Ling (၂၆နှစ်)အား ခရီးသည်စစ်ဆေးရေးဌာန၌စစ်ဆေးရာ ၎င်း၏ခန္ဓာကိုယ်တွင် ပတ်၍သယ်ဆောင်လာသည့် ဘိန်းဖြူ ဝဒသမ၈၅ကီလို (ကာလတန်ဖိုးငွေ ကျပ်သိန်း၆၈၀ခန့်)ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဆရာတော်သံဃာတော်များအား ရွှေနေချုပ်ရုံးမှ တစ်နေ့တာဆွမ်းအလှူတော်ငွေများလှူဒါန်း

ရန်ကုန် ဇွန် ၅

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ရှေ့နေချုပ်ရုံးက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၏ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့်ဇနီး၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တိုင်းဥပဒေအရာရှိ ဒုတိယညွှန်ကြားရေးမှူးများ၊ ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးနှင့် ရှေ့နေချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလခံယူကြသည်။ ထို့နောက် ရှေ့နေချုပ် ဦးအေးမောင်အမှူးပြုသော အလှူရှင်များက နာယကချုပ်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်က တစ်နေ့တာဆွမ်းအလှူတော်ငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။ ထို့နောက် ဒုတိယနာယကချုပ် ဆရာတော်က အနုမောဒနာတရားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေသည်။ ယင်းနောက် ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၏ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဇွန် ၅

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စာပေနှင့်စာနယ်ဇင်း ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနားကို ဇွန်၄ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) တွဲဖက် အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် မြို့နယ် ပြန်ဆက်ဦးစီးမှူး ဦးခင်မောင်ဝေတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အား နာယကဆရာကြီး ဦးလှဝင်း(ကုမာရ)၊ ဦးရဲမြင့်(အောင်သာမိုး)၊ ဥက္ကဋ္ဌ ဦးဖုန်းမြင့် (ပြည်-ဖုန်းမြင့်)၊ အတွင်းရေးမှူး ဦးလှကြည်(မောင်လှကြည်)၊ ဘဏ္ဍာရေးမှူး ဦးသန်းနိုင် (မြတ်သူစံ-ဝါးခယ်မ)၊ အမှုဆောင်များအဖြစ် ဦးဝင်းမောင်(မောင်သီလ)၊ ဦးခင်မောင်ဝင်း (ဟသ်ာမြေ-မောင်သန့်စင်)၊ ဦးစိုးညွန့်(ဇင်ယော်-မာန်)၊ ဦးအေးသိန်း (မောင်ညိုအေး-ပန်းတော)တို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟိုညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးဖုန်းမြင့်(ပြည်-ဖုန်းမြင့်)အား ရွေးချယ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ကမ္ဘာ့အဝန်း တောတွေခန်းလည်း
စိမ်းလန်းဒို့ပြည် တောနှင့်စည်၏

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၀၅၁၇ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသန်းငွေ ၉/မရမ(နိုင်)၀၃၂၅၄၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။**







ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၈၉၆၁ Honda Astrea ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နုနု ၉/မနမ(နိုင်)၀၇၇၉၈၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့။

ထန်းတပင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သစ်လမ်း လမ်းဘေးကပ်တုံးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုကို မေ ၂ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးထင်အောင်ဦးက ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ လှိုင်ကော်၌ကျင်းပ

လှိုင်ကော် ဇွန် ၃

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆–၂၀၀၇ ခုနှစ် နှစ်စဉ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က လှိုင်ကော်မြို့ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းမှူးက ၂၀၀၆–၂၀၀၇ ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လှိုင်ကော်ခရိုင်၊ ဘော်လခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ဖလမ်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး စည်းဝေး

ဖလမ်း မေ ၂၀

ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် နံနက် ၉ နာရီက ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းမောင်စည်က ခရိုင်နှင့်မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်နှင့်မြို့နယ်အဆင့်တာဝန်ရှိသူများက ရုံးဌာနဝန်းကျင်နှင့် ဝန်ထမ်းတစ်ဦးချင်းအလိုက် စိုက်ပျိုးသွားမည့်အစီအစဉ်ကိုလည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌများက ရပ်ကွက်အိမ်ထောင်စုအလိုက် စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က လိုအပ်သည်များကို ထပ်မံဖြည့်စွက်မှာကြားသည်။

ဖလမ်းခရိုင်အနေဖြင့် မြို့နယ်နှင့် မြို့များတွင် ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ဧက ၃၄၂၂၅၆ ဧက စိုက်ပျိုးမည်ဖြစ်ရာ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ၄၇၉၃၈ ဧကကို လည်းကောင်း၊ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၈၉၀၃၁ ဧကကိုလည်းကောင်း၊ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ၂၀၅၂၈၇ ဧကကိုလည်းကောင်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မကွေးမြို့ မဲထီး လမ်းဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းမှ အမှိုက်များ ဆယ်ယူတူးဖော်မှုလုပ်ငန်းများကို မေ၁၅ရက်က စည်ပင်သာယာရေး အဖွဲ့ပိုင်စက်ယန္တရားများ အသုံးပြု ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပြင်ဦးလွင်၌ ကျန်းမာရေးနှင့်ပညာရေးကွင်းဆင်းဆောင်ရွက် အိုင်အိုဒင်းဆားနှင့် အသိပညာပေး စာစောင်များဖြန့်ဝေ

ပြင်ဦးလွင် မေ ၃၁

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာကြည် ဦးဆောင်သောအသင်းဝင်များသည် မေ၂၄ ရက်က ပြင်ဦးလွင်မြို့နယ် ဟိုလိပ်ကျေးရွာအုပ်စု ပြင်ကြီးကျေးရွာတွင် ကျန်းမာရေး၊ ပညာရေးနှင့် အသင်း၏ လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က အသင်းလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးပြီး လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်ဒေါက်တာခင်နွဲ့ဌေးက မိခင်နှင့်ကလေးများ ကျန်းမာရေးနှင့်ဆေးလိပ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ၂၀၀၆–၂၀၀၇ ခုပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအား လှူဒါန်းပြီး မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် အိုင်အိုဒင်းဆားများနှင့် အသိပညာပေး ကျန်းမာရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။ **(၂၈၀)**

နွေဦးအားမာန် အခြေခံကွန်ပျူတာသင်တန်းဆင်း

တပ်ကုန်း မေ ၃၁

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သော နွေဦးအားမာန် နွေရာသီအခြေခံကွန်ပျူတာသင်တန်း (၇/၂၀၀၆) သင်တန်းဆင်းပွဲကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကွန်ပျူတာစာသင်ဆောင်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးအောင်ကျော်နိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဖေအုံမောင်က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတွင်ထူးချွန်သူများနှင့် သင်တန်းသူ သင်တန်းသားများအား တာဝန်ရှိသူများက ဆုနှင့်သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **(၂၆၆)**

ကိုယ့်အားကိုယ်ကိုး မီးသတ်ရေစုပ်စက်ဖွင့်

မိုးကောင်း မေ ၂၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးဘေးကြိုတင်တားဆီးကာကွယ်ရေး စီမံချက်အရ ကိုယ့်အားကိုယ်ကိုးမီးသတ်ရေစုပ်စက်ဖွင့်ပွဲကို မေ၁ရက် နံနက် ၈နာရီက ကျွန်းတောရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသန်းစိန်က အမှာစကားပြောကြားသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်မော်တော်ယာဉ်၊ မီးသတ်စက်ကိရိယာများနှင့် ရေစုပ်စက်ကို အသုံးပြု၍ မီးလောင်မှုဖြစ်ပွားစဉ် ရေဖြည့်တင်းခြင်း၊ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသကြသည်။ **(၄၁၆)**

တလုတ္တော်ကျေးရွာ မူလတန်းကျောင်း ချို့တဲ့ကျောင်းသားများအား ဗလာစာအုပ်များလှူဒါန်း

ကော့မှူး မေ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူနှင့်အဖွဲ့ဝင်များသည် မေ ၁၈ ရက်က ကော့မှူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရင်သိန်းနှင့်အဖွဲ့ဝင်များနှင့်အတူ ကော့မှူးမြို့နယ် တလုတ္တော်ကျေးရွာအုပ်စုသို့ ကွင်းဆင်း၍ ကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ချို့တဲ့နွမ်းပါးသော ကျောင်းသူကျောင်းသားများအတွက် ဗလာစာအုပ်၊ ခဲတံနှင့်ပေတံများပေးအပ်လှူဒါန်းကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသူကျောင်းသားများနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံကာ အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

လှူဒါန်း

အဆိုပါ တလုတ္တော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသူကျောင်းသားများသို့ လှူဒါန်းခဲ့သည့်စာအုပ်၊ ခဲတံနှင့် ပေတံအရေအတွက်မှာ ဒါဇင် ၁၀၀ စီ ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း၁၂ရက်
၇–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (စစ်ကိုင်း ခရိုင်မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း၏ ဆောင်ရွက်မှုများ)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာနှင့်မိုးသံယောဇဉ်– ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ဘဝဟူသည် ရှန်းကန်လှုပ်ရှား ရမည်–သာရဝေါစိုးကြည်)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) ဇမ္ဗူကျွန်းလုံး (သီချင်းခန့်) ခင်ခင်ငြိမ်း
(၂) သာယာစုံစီ(ပတ်ပျိုး) တက္ကသိုလ်သိန်းထွန်း
(၃) ပြေမှောင်ငွေရောင်မိုးဘွဲ့ (ယိုးဒယား) မူမူခင်

နေ့ညပိုင်း

၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင်မောင်သတ္တိမရှိဘူး
(၂) မေတ္တာနုနုစေလိုသူ
(၃) စကားပြောကောင်းတဲ့မသည်းအူ
၁၇း၃၀ အစာနှင့်အာဟာရ (လက်ဖက်)
၁၇း၄၅ သူ့လက်သံ (ရန်ကုန်တိုင်းမှ မောင်ကျော်ရဲဟိန်း၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ထင်ပေါ်ကျော်ကြားဥပါသကာများ (သာမဏေကျော်)
(၂) မီးငယ်လေးဖတ်ဖို့အမှတ်–၄ (သဲအောင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မိုးစက်နှင်းဆီသို့တမ်းချင်း–၂)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မင်းမျက်လုံးအိမ်ထဲမှာ ကိုယ့်အရိပ်
(၂) ကိုယ့်မေတ္တာပန်း
(၃) ချစ်ရသည်က အသက်ထက်ဆုံး

ကျောက်ကြီးမြို့၌ လမ်းဘေးကပ်တုံး ကွင်းဆင်းဆောင်ရွက်

ကျောက်ကြီး မေ ၃၀

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၆–၂၀၀၇ခုဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေးအတွက် မြို့အဝင် အနော်ရထာလမ်း လမ်းဘေးဝဲယာကပ်တုံးပြုလုပ်ခြင်းလုပ်ငန်း ပေ၁၀၀၀ကို မေ၁၀ရက်က ဆောင်ရွက်ရာအမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၁၃ရက်က ပျဉ်းမကန်စံပြကျေးရွာ လမ်းဘေးဝဲယာတွင် ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်း သပ်ရပ်သာယာလှပရေးအတွက် နှင်းဆီလမ်း လမ်းပေါက်ဖာထေးနေမှုကို မေ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဘုတ်ပြင်းမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ဘုတ်ပြင်း ဇွန် ၃

ဘုတ်ပြင်းမြို့ မြို့နယ်လုံးကျွတ် ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ရက် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့အစိုးရ အထက်တန်းကျောင်း (နဝရတ်ခန်းမ)တွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ချိုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းနေအရွယ် ချို့တဲ့နွမ်းပါးကလေး ၁၀ ဦးအား စေတနာရှင်များက ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်မြတ် အနေကဇာတင် ဆွမ်းဆန်စိမ်းလောင်းလှူ

တာချီလိတ် မေ ၂၅

တာချီလိတ်မြို့နယ် ရွှေတိဂုံစေတီတော်မြတ် အနေကဇာတင်လှူပွဲနှင့် နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ပင့်သံဃာအပါး ၂၅၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မေ ၁၁ ရက်က အဆိုပါ ဘုရားရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့်ဇနီး ဒေါ်သင်းသင်းရည်၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုး၊ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့်အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများနှင့် မိသားစု ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

လောင်းလှူ

ရှေးဦးစွာ ဆရာတော်သံဃာ တော်များက ရွှေတိဂုံစေတီတော် မြတ်ကို အနေကဇာတင်တော်မူပြီး တာချီလိတ်မြို့ ထေရဝါဒတောင်တန်း သာသနာပြုကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရေဝတက လှူဒါန်း မှုအတွက် တရားချီးမြှင့်တော်မူသည်။ ဆက်လက်၍ဌာနဆိုင်ရာ မိသားစု များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ပင့်သံဃာ အပါး ၂၅၀တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ **(ခရိုင်ပြန်/ဆက်)**

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ် အဆောက်အအုံသစ်အတွက် မေ ၁၆ရက်က မော်လမြိုင်မြို့ ရွှေတောင် ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သာသနာပြုနယ်လှည့် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ ကျိုက်သလွံဘုရား လမ်း အမှတ် ၁၉နေ ဦးရီကင်-ဒေါ်ရွှေတင်မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

တောင်တွင်းကြီး ဇွန် ၂

မကွေးတိုင်း တောင်တွင်းကြီး မြို့နယ် တရုပ်ကောကျေးရွာအုပ်စု သဖန်းကုန်း ကျေးရွာတွင် ဇီဝလောင် စာဆီထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို မေ၂၇ ရက် နံနက်က သဖန်းကုန်း ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါခြံစည်းရိုးကြက်ဆူပင်များ ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးကြည်၊ အဖွဲ့ဝင်(၂)ဦးသောင်းရီ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံး ရေးမှူးဦးအောင်ထွန်းနှင့် အသင်းသူ အသင်းသားများနှင့် ရွာသူ ရွာသား များက ခြံစည်းရိုးကြက်ဆူပင်စုစုပေါင်း ၃၆၀၀၀ ကိုစုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ် ၂၄၇(ခ) ၁၂လမ်း (၃) ရပ်ကွက်နေ မိဘ ဦးဘိုးအုပ်-ဒေါ်သဲရွှေနှင့် အစ်ကို၊ အစ်မတို့အား ရည်စူး၍ သမီး ဒေါ်အေးသင်နှင့်သားသမီးမြေးတစ်စုတို့ မေ ၂၈ရက်က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာနတ်လမ်း တစ်ခန်းအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရိပ်သာအဖွဲ့ဝင် ဦးအုန်းလှိုင်က လက်ခံ ယူစဉ်။ (၃၈၀)

သီပေါမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ အလှူရှင်များ ပညာသင်ထောက်ပံ့ငွေနှင့် စာအုပ်များလှူဒါန်း

သီပေါ မေ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်လုံးကျွတ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားဖွင့်ပွဲကို မေ ၂၅ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်း မုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာ ရေးမှူးဒေါ်သောင်းသောင်းက မြို့နယ်လုံးကျွတ် ကျောင်း အပ်နှံရေး စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး သည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးမျိုးအောင်၊ မြို့နယ်ပညာ ရေးမှူး ဒေါ်သောင်းသောင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်နှင့် အလှူရှင် များက ပညာသင်ထောက်ပံ့ လှူဒါန်းငွေများနှင့် ကျောင်းသုံး ပုံနှိပ် စာအုပ်များ၊ ဗလာစာအုပ်များကို သက်ဆိုင်သူများသို့ တစ်ဦးချင်းပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦး ကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါ များဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါ်များသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက် များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အခြေခံပညာကျောင်းများသို့ ဘာသာရေးစာအုပ်များလှူဒါန်းမည်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံ ပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အခြေခံ ဘာသာရေး စာအုပ်များ (၁၂)ကြိမ် မြောက် ဆက်လက် လှူဒါန်းမည် ဖြစ်သဖြင့် သက်ဆိုင်ရာ ကျောင်းအုပ် ဆရာကြီးများက ကျောင်းရှိ ဆရာ၊ ဆရာမ ဦးရေနှင့် ဘုန်းတော်ကြီးသင် ကျောင်းအုပ်ဆရာတော် ဦးရေတို့ကို ဖော်ပြပြီး စာတိုက်မှ ရောက်ရှိနိုင်မည့် လိပ်စာကိုရေးသား၍ ဗုဒ္ဓဓမ္မဒါန စေတနာရှင်များအဖွဲ့ အမှတ်(၁၂) မြို့သစ်(၁)လမ်း ကျောက်မြောင်း တာမွေမြို့နယ် ဖုန်း-၅၄၂၂၃၆ သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံး ထားပြီး အလှူခံစာများ ပေးပို့နိုင် ကြောင်းနှင့် စာအုပ်လှူဒါန်းလိုသူ (သို့မဟုတ်) စာအုပ်ဖိုးလှူဒါန်းလိုသူ များဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့ သာယာလှပရေး အတွက် စံပြလမ်းဘေးတွင် စိုက် ပျိုးထားသော ပန်းအလှပင်များ ပေါင်းမြက်ရှင်းလင်းပြီး ရေလောင်း မှုကို မေ ၁၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ် တန်းအင်ဂျင်နီယာ(၂) ဦးသိန်း ညွှန့်ဟန်နှင့်ဝန်ထမ်းများ ဆောင် ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမည်ပြောင်း

အောင်လံမြို့ အထက(၂) VC မှ အဖ ဦးတင်စိုး၏သမီး မထိုက်ထိုက်စု(ခ) မလဲ့လဲ့ငွေအား ယနေ့မှစ၍ မလမင်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။ **မလမင်းအိမ်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်သူရ၏ မြန်မာနိုင်ငံကူးလက်မှတ်၊ ၈၀၁၃၄၄သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မောင်ကျော်သူရ ဖုန်း-၂၁၀၃၁၆။**

အမည်ပြောင်း

ဦးထင်ကျော်၏သမီး မဝင့်ဇာနည်မော်အား မအေးချမ်းဖြိုးဟုလည်းကောင်း၊ မယွန်းနန္ဒာသော်အား မအေးချမ်းမိုးဟုလည်းကောင်း အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ **မအေးချမ်းဖြိုး၊ မအေးချမ်းမိုး။**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်း မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက်၈နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မိမိလေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာယဉ်သန္တာလွင်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ရဲလတ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဌာနကြီးငါးခုနှင့်လုပ်ငန်းအဖွဲ့ငါးဖွဲ့တို့မှ ဌာနမှူးများ၊ အဖွဲ့ခေါင်းဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများက ရှေ့လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက လိုအပ်သည်များကိုဖြည့်စွက်မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေချစိုက်ပျိုး

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ မြေချစိုက်ပျိုးခြင်းကို မေ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောသိန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (နယ်စပ်/စည်ပင်)

ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို မေ၂၆ရက်က တိုက်ကြီး (မြို့မ) အထက၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသိန်းစံအောင်၊ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် ဦးဆောင်သော ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက စုပေါင်းစိုက်ပျိုးကြစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၁)
Special Certificate in Education Technology (SCET)
သင်တန်းသားများခေါ်ယူခြင်း

၁။ အခြေခံပညာကျောင်းများတွင် လိုအပ်နေသည့် အထက်တန်းပြရာထူး နေရာများတွင် တာဝန်ပေးရန်ရှိသဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် ဖွင့်လှစ်မည့် ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၁) Special Certificate in Education Technology (SCET) သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ ဘာသာရပ်တစ်ခုခုတွင် ဘာသာရပ်ဘွဲ့(ဂုဏ်ထူးတန်း)နှင့် အထက်ရရှိသူများဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာအတွက် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)ရရှိသူများလည်း လျှောက်ထားနိုင်သည်။

(ဂ) ၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက်တွင် အသက် ၃၀နှစ်ထက်မကြီးသူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် သင်တန်းတက်ရောက်ရမည်။

(င) မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) လုပ်သက်တစ်ဆက်တည်း အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(ဆ) ၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက်မှစ၍ တစ်လသင်တန်းတက်ရောက်ရမည်။

၃။ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများကို အခြေခံပညာကျောင်းများတွင် အထက်တန်းပြအဖြစ် ခန့်ထားပေးမည်။ လုပ်သက်အရ ပညာရေးဘွဲ့(B.Ed)သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူသည် သက်ဆိုင်ရာပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံတွင် ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံကို ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်(စ်)ပို့အရွယ် ဓာတ်ပုံကပ်၍ ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ထောက်ခံချက်များဖြင့် ၂၀၀၆ခုနှစ် ဇွန်လ ၉ ရက်နေ့ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများကို ပေးပို့တင်သွင်းရပါမည်။

၅။ ဇွန်လ ၁၄ရက် ၀၉း၀၀နာရီတွင် ဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲနှင့် ၁၄း၀၀နာရီတွင် အထွေထွေဗဟုသုတဆိုင်ရာ ရေးဖြေစာမေးပွဲများ ကျင်းပစစ်ဆေးမည်။ ဇွန်လ ၁၇ရက်မှစ၍ ဘာသာရပ်အလိုက် လူတွေ့နှုတ်ဖြေစစ်ဆေးမည်။

၆။ ရေးဖြေစာမေးပွဲနှင့်လူတွေ့နှုတ်ဖြေစစ်ဆေးမည့်တက္ကသိုလ်အမည်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးတွင် ကြေညာထားပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ မိမိတို့၏ ပြည်နယ်/တိုင်း (သို့မဟုတ်) မြို့နယ်အဆင့်ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရန်ဖြစ်သည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၂၀၀၆ခုနှစ်၊ မေလ ၂၆ရက်။

ပညာရေးနည်းပညာအထူးသင်တန်း အမှတ်စဉ်(၁)
Special Certificate in Education Technology (SCET)
သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ______ ခုနှစ်၊ ______ လ၊ ______ ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ______
စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ______

၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ ______
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ် ______

၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် ______
နှင့်အလုပ်အကိုင် ______

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ______

၇။ အထက်တန်းပြဆရာအဖြစ်ခန့်ထားပါက ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ ______

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ လ ရက်။ ______ လျှောက်ထားသူလက်မှတ်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာ အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေ့ရက်/အချိန်
(က)	Alkyd Resin (Styrenated)	10 MT	(၁၉-၆-၂၀၀၆) မွန်းတည့် ၁၂း၀၀ နာရီ
(ခ)	Potassium Chlorate	21 MT	(၁၉-၆-၂၀၀၆) မွန်းတည့် ၁၂း၀၀ နာရီ
	Red Phosphorus	3 MT	
	Lactic Casein	5 MT	

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

တောင်ကြီး၌ အခြေခံယဉ်ကျေးမှုသင်တန်းဆင်း

တောင်ကြီး မေ ၃၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယဉ်ကျေးမှု သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ရက် ညနေ ၃နာရီက တောင်ကြီးမြို့ အထက(၃) ကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ သင်တန်း၌ ထူးချွန်ဆုရသော ပထမ မယဉ်ယဉ်ထွေး (အလက-၁)၊ ဒုတိယ မယမင်းပပလင်း(အထက-၄)၊ တတိယ မသဥ္ဇာထွန်း(အလက-၁၀)နှင့် အထူးဆုရ ငါးဦးတို့အား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်နွယ်နီဝင်း**(အောက်ပုံ)**နှင့် ပညာရေး အဖွဲ့ခွဲခေါင်းဆောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်ပညာရေးဌာန လက်အောက်ရှိ ကျောင်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၁၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လမ်းဘေးရေမြောင်းများ စနစ်တကျတူးဖော် လိုအပ်သည့်နေရာများတွင် လမ်းဖြတ်ရေမြောင်းများတည်ဆောက်

ရန်ကုန် ဇွန် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ ရက်နံနက်ပိုင်းတွင် ဂန့်ဂေါမြို့မှ ဟားခါး-ဂန့်ဂေါလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး အဆိုပါလမ်းအပိုင်း၌ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၂)နှင့် ဂန့်ဂေါခရိုင်တို့မှ မိုးဦးကာလလမ်း၊ တံတားများ ကြိုတင်ဆောင်ရွက်ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးဆောင်ရွက်

ဝန်ကြီးက မိုးရေများ လမ်းပေါ်၌ တင်မနေအောင်နှင့် လမ်းဘေးရေမြောင်းများ၊ ရေထုတ်ပြွန်များမှ အချိန်တိုအတွင်း မှန်မှန်ကန်ကန် စီးဆင်းသွားနိုင်အောင် အမြဲစစ်ဆေးဆောင်ရွက်ကြရန်၊ တောင်မြေပြိုကျနိုင်မည့် နေရာများ၌ ကျောက်စီမြေထိန်းနံရံများ မနိမ့်မမြင့်ဆောင်ရွက်ပေးရန်တို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဇွန် ၆ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ခံယူချက်အမျိုးမျိုးဖြင့် ကွဲပြားစွာဆောင်ရွက်နေသည်ကို မလိုလား နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လို ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၀ဦး စုပေါင်းနှုတ်ထွက်

ရန်ကုန် ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးသိန်းမောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုလေး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးခွန်အုန်း၊ အတွင်းရေးမှူး ဦးဝင်းမြင့်နိုင်(ခ)ခတ္တာ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်အုန်း၊ ဘဏ္ဍာရေးမှူး ဒေါ်ဘောက်ခေါ်န်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအယ်လ်ဇော်တန်(ခ)ကိုတူး၊ ဦးကျော်ဇံ(ခ)ဦးကြူဆန်း၊ စိုင်းထွန်းရင်နှင့် ဦးပေါမှန်တို့ ၁၀ ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက်နှုတ်ထွက်စာများကို စုပေါင်းလက်မှတ်ရေးထိုးကာ မေ ၁၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

ကွတ်ခိုင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သို့ ပေးပို့သော ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၀ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် ကွတ်ခိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းဖွင့်လှစ်ခဲ့ပြီး ပြည်သူ့အကျိုးကို အခြေခံသည့် ဒီမိုကရေစီစနစ်

စာမျက်နှာ ၉ ကော်လံ ၃ ■

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားနှင့် သူတို့အမြင်

"ညဦးပိုင်းနှစ်ပွဲ နေ့တိုင်းကြည့်မယ်။ လေ့ကျင့်ရေးနှင့် ပြိုင်ပွဲရှိရင်တော့ ညဉ့်နက်ပိုင်းပွဲတွေ မကြည့်ပါဘူး၊ အကြိုက်ဆုံးကတော့ ဘရာဇီး၊ ဂျာမနီနှင့် အင်္ဂလန်အသင်းတွေပါ"

မျိုးလှိုင်ဝင်း(မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်း)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သတင်းအကျယ် (စာ - ၆)

"ဒီနှစ် ကမ္ဘာ့ဖလားပွဲမှာ ဗိုလ်စွဲနိုင်တာကတော့ လက်ရှိချန်ပီယံ ဘရာဇီးနဲ့ အိမ်ရှင်ဂျာမနီတို့ပါပဲ"

(ဝါရင့် အားကစားဆောင်းပါးရှင် မောင်ရဲဝင်း)

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

သတင်းအကျယ် (စာ - ၁၁)

"အင်္ဂလန်ပွဲဆိုရင် ပိုက်ဆံမရရင် နေပါစေ ကြည့်ဖြစ် အောင်ကြည့်မယ်"

ဆိုက်ကားဆရာ ကိုစည်သူအောင်

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

သတင်းအကျယ် (စာ - ၆)



သွေးခုန်နေသည့်နှလုံးဖြင့် အောင်မြင်စွာ အစားထိုးကုသနိုင်

လန်ဒန် ဇွန် ၅

သွေးခုန်လျက်ရှိသောနှလုံးကို ဗြိတိန်ဆရာဝန်များက ပထမဆုံးအကြိမ် အောင်မြင်စွာ ခွဲစိတ်အစားထိုးကုသနိုင်ပြီဖြစ်ကြောင်း သိရသည်။

အစားထိုးကုသနိုင်

ကင်းဘရစ်ချ်မြို့ ပက်ဝပ်ဆေးရုံ၌ အသက် (၅၈)နှစ်ရှိ အမျိုးသားတစ်ဦးအား လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်က သွေးခုန်လျက်ရှိသော နှလုံးကို အောင်မြင်စွာ ခွဲစိတ်အစားထိုး ကုသနိုင်ခဲ့သည်။ ယခုအခါ ခွဲစိတ်အစားထိုး ကုသထားသည့်နှလုံးမှာ ကောင်းမွန်စွာ အလုပ်လုပ်လျက်ရှိကြောင်း သိရသည်။

ဤနည်းသစ်မှာ နှလုံးအစားထိုး ကုသရန်အတွက် သယ်ယူလာရန် နှလုံးကို ရေခဲဖြင့်အုံထားသည့်အစား ခွဲစိတ်ရယူထားသည့် နှလုံးကို စက်ကလေးတစ်လုံးတွင်ချိတ်ကာ အောက်ဆီဂျင်ပေးထားသောသွေးဖြင့် နှလုံးသွေးလည်ပတ်နေစေသည်။ သို့ဖြင့်အဆိုပါ နှလုံးကို ဆရာဝန်များက အပြစ်အနာအဆာစစ်ဆေးရာတွင် ပိုမိုလွယ်ကူပြီးအချိန်ရစေသည်။ ခန္ဓာကိုယ်အပြင်ဘက်တွင် နှလုံးကို အချိန်ပိုမိုကြာရှည်စွာ ထားနိုင်သည့်အပြင် နှလုံး၏အခြေအနေမှာလည်း နှလုံးအစားထိုးကုသခံယူမည့်သူထံသို့ ရောက်သောအခါ အခြေအနေပိုမိုကောင်းမွန်သည်ကို တွေ့ရသည်။ ရေရှည်တွင် နှလုံးအစားထိုးကုသသကဲ့သို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင်လည်း ဤနည်းကို အသုံးပြုဖွယ်ရှိသည်ဆို၏။ **(အင်တာနက်)**